# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန



# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း

# လမ်းညွှန်ချက်များ

# ၂၀၂၅

## အပိုင်း ၁ - မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်းလမ်းညွှန်ချက်များ

# ၂၀၂၅

## အပိုင်း ၁ - မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

၂၀၂၅ ခုနှစ် ၊ ဇွန်လ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## အမှာစာ

၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုအများအပြားဖြစ်ပေါ်ခဲ့သဖြင့် ခိုင်ခန့်သော အဆောက်အအုံများတည်ဆောက်နိုင်ရေး Building Code လိုအပ်လာသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် UN-Habitat ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံဗိသုကာအသင်း၊ ဆက်နွယ်သည့်ဝန်ကြီးဌာနများ၊ နည်းပညာတက္ကသိုလ်များနှင့် အစိုးရအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် Technical Working Groups များဖွဲ့စည်း၍ Myanmar National Building Code – 2012 (Provisional) (English Version) ကို ပြုစုခဲ့ပြီး အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ဖြန့်ဝေခဲ့ပါသည်။

၂၀၁၆ ခုနှစ်တွင် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပေးပို့လာသည့် အကြံပြုချက်များထပ်မံပေါင်းစပ်ထည့်သွင်းပြုစုပြီး Myanmar National Building Code – 2016 (English Version) ကို တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်တွင် Technical Working Groups များမှ တိုးတက်ပြောင်းလဲလာသည့် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြုစုခဲ့ရာ Myanmar National Building Code – 2020 (English Version) နှင့် မြန်မာဘာသာပြန် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ - ၂၀၂၀ တို့ကို ရည်ညွှန်းကိုးကားလိုက်နာရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်သည့်အဖွဲ့အစည်းများသို့ ပေးပို့ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့်နှင့်အများပြည်သူသုံးအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့တို့သို့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့မှစတင်၍ လိုက်နာဆောင်ရွက်စေရေး ထပ်ဆင့်ညွှန်ကြားပေးရန် အကြောင်းကြားခဲ့ပါသည်။

၂၀၂၄ ခုနှစ်တွင် ထပ်မံတိုးတက်လာသော နိုင်ငံတကာစံနှုန်းများနှင့်အညီ Myanmar National Building Code (Update Version) အဖြစ် ဖြည့်စွက်ထုတ်ပြန်နိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး ဦးစီးကော်မတီ၊ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊

ရေးဆွဲပြုစုရေးဆပ်ကော်မတီနှင့် Technical Working Groups (TWGs) အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ကြပါသည်။ Myanmar National Building Code - 2025 အား ထုတ်ဝေနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာန အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့် နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်နှင့် အသင်းချုပ်၏ခက်ဖြာအသင်းများ ဖြစ်ကြသည့် မြန်မာနိုင်ငံလျှင်ကော်မတီ၊ မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ စက်မှုအင်ဂျင်နီယာအသင်း၊မြန်မာနိုင်ငံ ဂဟေအင်ဂျင်နီယာအသင်း၊ မြန်မာစိမ်းလန်းမှုဆိုင်ရာ အဆောက်အအုံအသင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာ အတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတိုင်ပင်ခံအင်ဂျင်နီယာအသင်းတို့မှ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် ပေးခဲ့ကြပါသည်။

Myanmar National Building Code - 2025 ထုတ်ဝေရန် ပြင်ဆင်ဆဲကာလ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့သဖြင့် လျှင်ဒဏ်ခံနိုင်သည့်အဆောက် အဦများ တည်ဆောက်နိုင်ရေး လိုအပ်သည့် ဖြည့်စွက်ပြင်ဆင်မှုများကို မြန်မာနိုင်ငံလျှင် ကော်မတီနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းများမှ ဆောင်ရွက်ခဲ့ကြပါသည်။

သို့ဖြစ်ပါ၍ ယခုထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ - ၂၀၂၅ (Myanmar National Building Code – 2025) အား ပြည့်စုံ ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံလျှင်ကော်မတီနှင့် ခက်ဖြာအသင်းများ၊ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် အခြားကဏ္ဍပေါင်းစုံမှ အကြံပြု ကူညီဆောင်ရွက်ပေးခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန

# မြန်မာနိုင်ငံ

# အဆောက်အအုံဆိုင်ရာ

# စံချိန်စံညွှန်း

# လမ်းညွှန်ချက်များ

# ၂၀၂၅

အပိုင်း ၁

မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့်

မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

# အပိုင်း ၁

## မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **၁.၁** | **အထွေထွေ** | **၁** |
| ၁.၁.၁ | ခေါင်းစီးနှင့်နယ်ပယ် | ၁ |
| ၁.၁.၁.၁ | ခေါင်းစီး | ၁ |
| ၁.၁.၁.၂ | နယ်ပယ် | ၁ |
| ၁.၁.၂ | အဓိပ္ပါယ်ဖွင့်ဆိုချက်များ | ၁ |
| ၁.၁.၃ | လမ်းညွှန်ချက်ကိုကျင့်သုံးမှု | ၆ |
| ၁.၁.၄ | ပတ်ဝန်းကျင်ကိုမထိခိုက်စေသောသမားရိုးကျမဟုတ်သည့်ပစ္စည်းများ၊ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးနည်းစနစ်များနှင့် ကိရိယာတန်ဆာပလာများ | ၇ |
| **၁.၂** | **အဖွဲ့အစည်းဖွဲ့စည်းခြင်းနှင့် ဥပဒေလိုက်နာစေခြင်း** | **၉** |
| ၁.၂.၁ | မြို့ပြစီမံကိန်းနှင့် အဆောက်အအုံအာဏာပိုင်အဖွဲ့တည်ထောင်ခြင်း | ၉ |
| ၁.၂.၁.၁ | အာဏာပိုင်အဖွဲ့ | ၉ |
| ၁.၂.၁.၂ | အရာရှိဝန်ထမ်းများခန့်အပ်ခြင်း | ၉ |
| ၁.၂.၁.၃ | အဖွဲ့အစည်း | ၉ |
| ၁.၂.၁.၄ | လုပ်ပိုင်ခွင့်အာဏာများလွှဲအပ်ခြင်း | ၉ |
| ၁.၂.၁.၅ | အရာရှိဝန်ထမ်းများ၏အရည်အချင်း | ၉ |
| ၁.၂.၁.၆ | ဝန်ထမ်းများအပေါ် ကန့်သတ်ချက် | ၉ |
| ၁.၂.၁.၇ | မှတ်တမ်းထားရှိခြင်း | ၁၀ |
| ၁.၂.၂ | အရာရှိဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ | ၁၀ |
| ၁.၂.၂.၁ | လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်များ | ၁၀ |
| ၁.၂.၂.၂ | အဆောက်အအုံကြေညာစာများနှင့် အမိန့်များ | ၁၀ |
| ၁.၂.၂.၃ | ဝင်ရောက်ခွင့် | ၁၀ |
| ၁.၂.၂.၄ | စစ်ဆေးခြင်း | ၁၁ |
| ၁.၂.၂.၅ | ဒီဇိုင်းပုံစံနှင့် ကိုက်ညီမှုမရှိသောဆောက်လုပ်မှု | ၁၁ |
| ၁.၂.၂.၆ | ပြုပြင်ပြောင်းလဲပြင်ဆင်ခြင်း | ၁၂ |
| ၁.၂.၂.၇ | အဆောက်အအုံအသုံးပြုမှု၊ နေထိုင်မှုဆိုင်ရာ ဆန့်ကျင်ဖောက်ဖျက်ခြင်း | ၁၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁.၂.၂.၈ | တာဝန်ခံမှု | ၁၂ |
| ၁.၂.၃ | အယူခံအာဏာပိုင်အဖွဲ့ | ၁၃ |
| ၁.၂.၃.၁ | အထွေထွေ | ၁၃ |
| ၁.၂.၃.၂ | အခွင့်အာဏာအပေါ် ကန့်သတ်ချက်များ | ၁၃ |
| ၁.၂.၄ | ချိုးဖောက်မှုများနှင့် ပြစ်ဒဏ်များ | ၁၄ |
| ၁.၂.၄.၁ | တရားမဝင်သောပြုမူဆောင်ရွက်ချက်များ | ၁၄ |
| ၁.၂.၄.၂ | ချိုးဖောက်မှုကိုအသိပေးအကြောင်းကြားခြင်း | ၁၄ |
| ၁.၂.၄.၃ | ချိုးဖောက်မှုအတွက်တရားစွဲဆိုခြင်း | ၁၄ |
| ၁.၂.၄.၄ | ပြစ်ဒဏ်များ | ၁၄ |
| ၁.၂.၅ | လုပ်ငန်းရပ်ဆိုင်းရန်အမိန့် | ၁၄ |
| ၁.၂.၅.၁ | အာဏာပိုင်အဖွဲ့ | ၁၄ |
| ၁.၂.၅.၂ | အကြောင်းကြားခြင်း | ၁၅ |
| ၁.၂.၅.၃ | တရားမဝင်ဆက်လက်လုပ်ကိုင်ခြင်း | ၁၅ |
| ၁.၂.၆ | အထွေထွေ | ၁၅ |
| ၁.၂.၆.၁ | စည်းမျဉ်းစည်းကမ်းများ ပြုစုထုတ်ပြန်ရန်အာဏာ | ၁၅ |
| ၁.၂.၆.၂ | လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းရန်နှင့်စံနှုန်းသတ်မှတ်ရန်အာဏာ | ၁၅ |
| **၁.၃** | **ခွင့်ပြုမိန့်ပေးခြင်းနှင့်စစ်ဆေးခြင်း** | ၁၆ |
| ၁.၃.၁ | စီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်ရယူခြင်း | ၁၆ |
| ၁.၃.၁.၁ | စီမံကိန်းဆောင်ရွက်ရန်လိုအပ်သောခွင့်ပြုမိန့် | ၁၆ |
| ၁.၃.၁.၂ | ဇုန်သတ်မှတ်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ | ၁၆ |
| ၁.၃.၁.၃ | မြို့ပြဒီဇိုင်းအလှဆင်မှုဆိုင်ရာထိန်းချုပ်ခြင်း | ၁၆ |
| ၁.၃.၁.၄ | ပတ်ဝန်းကျင်ဆိုင်ရာထိန်းချုပ်ကွပ်ကဲခြင်းနှင့် မြေယာဥပဒေ | ၁၇ |
| ၁.၃.၁.၅ | စီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်လျှောက်ထားခြင်း | ၁၇ |
| ၁.၃.၁.၆ | ခွင့်ပြုမိန့်လျှောက်ထားရာတွင်တင်ပြရမည့်လိုအပ်ချက်များ | ၁၉ |
| ၁.၃.၁.၇ | အခကြေးငွေ | ၂၁ |
| ၁.၃.၁.၈ | အတည်ပြုချက်နှင့် ပြင်ဆင်ခြင်းတို့အတွက်ဆုံးဖြတ်ချက် | ၂၂ |
| ၁.၃.၁.၉ | အကြောင်းကြားစာထုတ်ပေးခြင်း | ၂၃ |
| ၁.၃.၁.၁၀ | ဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်း | ၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁.၃.၁.၁၁ | ပိုင်ရှင်/လုပ်ငန်းဆောင်ရွက်သူ၏တာဝန်ရှိမှုများ | ၂၄ |
| ၁.၃.၁.၁၂ | လုပ်ငန်းဆောင်ရွက်ရန်သတ်မှတ်အရည်အချင်းပြည့်မီသူပုဂ္ဂိုလ်များ၏ တာဝန်များ | ၂၅ |
| ၁.၃.၁.၁၃ | ခွင့်ပြုမိန့်၏တရားဝင်ခိုင်မာမှု | ၂၅ |
| ၁.၃.၁.၁၄ | သက်တမ်းကုန်ဆုံးခြင်း | ၂၆ |
| ၁.၃.၂ | အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် | ၂၆ |
| ၁.၃.၂.၁ | လိုအပ်သောအဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် | ၂၆ |
| ၁.၃.၂.၂ | ခွင့်ပြုမိန့်လျှောက်ထားခြင်း | ၂၇ |
| ၁.၃.၂.၃ | လိုအပ်ချက်များတင်ပြခြင်း | ၃၁ |
| ၁.၃.၂.၄ | အခကြေးငွေများ | ၃၃ |
| ၁.၃.၂.၅ | အတည်ပြုချက်နှင့် ပြင်ဆင်ခြင်းတို့အတွက် ဆုံးဖြတ်ချက် | ၃၄ |
| ၁.၃.၂.၆ | ဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်း | ၃၅ |
| ၁.၃.၂.၇ | ခွင့်ပြုမိန့်နှင့် အမှတ်အသားလက္ခဏာများထားရှိစေခြင်း | ၃၅ |
| ၁.၃.၂.၈ | ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် သွေဖည်ပြောင်းလဲခြင်း | ၃၆ |
| ၁.၃.၂.၉ | ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း | ၃၆ |
| ၁.၃.၂.၁၀ | ပိုင်ရှင်/လုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ | ၃၆ |
| ၁.၃.၂.၁၁ | အရည်အချင်းပြည့်မီသူပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများ | ၃၇ |
| ၁.၃.၂.၁၂ | ခွင့်ပြုမိန့်၏တရားဝင်ခိုင်မာမှု | ၃၈ |
| ၁.၃.၂.၁၃ | သက်တမ်းကုန်ဆုံးခြင်း | ၃၈ |
| ၁.၃.၂.၁၄ | အဆောက်အအုံဖြိုဖျက်ခြင်း | ၃၈ |
| ၁.၃.၃ | သက်ဆိုင်သည့်ဥပဒေများ | ၃၉ |
| ၁.၃.၄ | ကြည့်ရှုစစ်ဆေးခြင်း | ၃၉ |
| ၁.၃.၄.၁ | အထွေထွေ | ၃၉ |
| ၁.၃.၄.၂ | ပဏာမကြည့်ရှုစစ်ဆေးခြင်း | ၃၉ |
| ၁.၃.၄.၃ | လိုအပ်သောစစ်ဆေးခြင်းများ | ၃၉ |
| ၁.၃.၄.၄ | ကြည့်ရှုစစ်ဆေးရေး (အဖွဲ့များ) အေဂျင်စီများ | ၄၀ |
| ၁.၃.၄.၅ | ကြည့်ရှုစစ်ဆေးရန်တောင်းဆိုခြင်း | ၄၀ |
| ၁.၃.၄.၆ | လိုအပ်သောသဘောတူခွင့်ပြုချက် | ၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁.၃.၄.၇ | အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်းလက်မှတ် | ၄၀ |
| ၁.၃.၅ | ဝန်ဆောင်မှုများ | ၄၁ |
| ၁.၃.၅.၁ | ဝန်ဆောင်မှုများဆက်သွယ်တပ်ဆင်ခြင်း | ၄၁ |
| ၁.၃.၅.၂ | ယာယီသွယ်တန်းတပ်ဆင်ခြင်း | ၄၁ |
| ၁.၃.၅.၃ | ဝန်ဆောင်မှုများကို ဖြတ်တောက်ခွင့်အာဏာ | ၄၁ |
| ၁.၃.၆ | ဘေးကင်းလုံခြုံမှုမရှိသောအဆောက်အအုံ | ၄၂ |
| ၁.၃.၆.၁ | ဘေးကင်းလုံခြုံမှုမရှိသောအဆောက်အအုံကိုစစ်ဆေးခြင်း | ၄၂ |
| ၁.၃.၆.၂ | အထူးကိစ္စရပ်များ | ၄၂ |
| ၁.၃.၆.၃ | ပိုင်ရှင်/နေထိုင်သူသို့အကြောင်းကြားခြင်း | ၄၂ |
| ၁.၃.၆.၄ | အကြောင်းကြားခြင်းကိုလေးစားလိုက်နာမှုမရှိခြင်း | ၄၃ |
| ၁.၃.၆.၅ | အရေးပေါ်အခြေအနေများ | ၄၃ |
| ၁.၃.၆.၆ | မီးဘေးကာကွယ်ရေးစနစ် | |
| ၁.၃.၆.၇ | ကုန်ကျစရိတ်များ | ၄၃ |
| | နောက်ဆက်တွဲ | ၄၄ |
| | ဇုန်သတ်မှတ်ချက် (ZONING CLASSIFICATION) | ၄၄ |
| | ဇုန်သတ်မှတ်ခြင်းဆိုင်ရာစည်းမျဉ်း(ZONING REGULATION) | ၅၀ |
| | ခွင့်ပြုမိန့်လျှောက်ထားခြင်းတွင်လိုအပ်ချက်များ (REQUIREMENTS FOR PERMIT APPLICATION) | ၅၁ |
| | မြို့ပြလမ်းများ (Urban roads) | ၅၃ |
| | ဇယား ၁.၁ မြေအသုံးပြုမှုဇုန်များဖြင့် အဆောက်အဦအသုံးပြုမှု ထိန်းချုပ်ခြင်း | ၅၅ |
| | ဇယား၁-၂ လမ်းအဆင့်အမျိုးအစားခွဲခြားခြင်းနှင့် မြို့ပြဧရိယာအတွင်း ဘက်လုပ်ငန်းများ | ၇၅ |
| | ဇယား (၁-၃) ဇုန်အသီးသီးနှင့်ဆက်စပ်နေသော မြေအသုံးပြုပုံနှင့် အဆောက်အအုံစည်းမျဉ်း | ၇၇ |

# အပိုင်း(၁)

## မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

## ၁.၁။ အထွေထွေ

### ၁.၁.၁။ ခေါင်းစီးနှင့် နယ်ပယ်

#### ၁.၁.၁.၁။ ခေါင်းစီး

ဤလမ်းညွှန်ချက်များကို "မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ" ဟု သိရှိမှတ်သားစေရမည်ဖြစ်ပြီး ဤမှနောင်တွင် "ဤလမ်းညွှန်ချက်များ " ဟု ရည်ညွှန်းသုံးစွဲမည်ဖြစ်ကာ အောက်ပါအတိုင်း အခန်းကဏ္ဍ (၇) ခု ပါဝင်မည်ဖြစ်သည် -

(၁) မြို့ပြစီမံကိန်း၊ အဆောက်အအုံနှင့် မြို့ပြပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲခြင်း

(၂) ဗိသုကာနှင့် မြို့ပြပုံစံထုတ်ခြင်း၊

(၃) ဖွဲ့စည်းပုံဒီဇိုင်း၊

(၄) မြေနှင့် အုတ်မြစ်၊

(၅) အဆောက်အအုံ ဝန်ဆောင်မှုများ၊

(၆) အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊

(၇) အဆောက်အအုံ ဆောက်လုပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် အဆောက်အအုံပြုပြင်ထိန်းသိမ်းခြင်း

#### ၁.၁.၁.၂။ နယ်ပယ်

ဤလမ်းညွှန်ချက်များကို မြို့ပြစီမံကိန်းပုံစံများ၊ အဆောက်အအုံများ သို့မဟုတ် ဖွဲ့စည်းတည်ဆောက်မှုပုံစံများ သို့မဟုတ် ထိုအဆောက်အအုံ/ အခြားတည်ဆောက်ခြင်းများတွင် တပ်ဆင်ထားသော အသုံးအဆောင်ပစ္စည်းများ စသည်တို့ကို ဆောက်လုပ်ခြင်း၊ အသွင်ပြောင်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ တိုးချဲ့ခြင်း၊ အစားထိုးခြင်း၊ မွမ်းမံပြုပြင်ခြင်းနှင့် ဝင်ရောက်နေထိုင်ခြင်း၊ တည်နေရာ၊ ပြုပြင်ထိန်းသိမ်းခြင်း၊ ဖယ်ရှားခြင်းနှင့် ဖြိုချခြင်းတို့တွင် ကျင့်သုံးလိုက်နာဆောင်ရွက်ရမည်။

### ၁.၁.၂။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

ဤတွင်ဖော်ပြသော ပညာရပ်ဆိုင်ရာဝေါဟာရများသည် အခန်း (၁) နှင့်သာ သက်ဆိုင်ပါသည်။

**"တွဲဖက်ပစ္စည်းအသုံးပြုခြင်း (Accessory Use)"** - အဆောက်အအုံဥပစာကို အဓိကအသုံးပြုခြင်းလောက်အရေးမပါသော အခြားနည်းအသုံးပြုခြင်းနှင့် ဓလေ့ထုံးစံအရ အဓိကအသုံးပြုခြင်း၏ အဆွယ်အပွားအဖြစ် အသုံးပြုခြင်းများစသည့် တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုလိုသည်။

**"အသွင်ပြောင်းခြင်း(Alteration)"** - နေရာယူနေထိုင်မှုပုံစံတစ်မျိုးမှ အခြားပုံစံ တစ်မျိုးသို့

ပြောင်းလဲခြင်း၊ ဧရိယာအကျယ်အဝန်း၊ အမြင့်တို့ကို ထပ်တိုးခြင်း သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခု ဖယ်ရှားခြင်း၊ နံရံ၊ အခန်းကန့်နံရံ (partition)၊ တိုင် (column)၊ ရက်မ (beam)၊ ဆင့်တန်း(joist)၊ ကြမ်းခင်း (floor) သို့မဟုတ် အခြားထောက်မအရာများ စသည်တို့ကို တည်ဆောက်ခြင်း၊ ဖြတ်ထုတ်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း စသည်ဖြင့် ဖွဲ့စည်းတည်ဆောက်မှုပုံစံတစ်မျိုးမျိုး ပြောင်းလဲခြင်း သို့မဟုတ် ဝင်ပေါက် (ingress)၊ ထွက်ပေါက် (egress) ကို လိုအပ်သလိုပြောင်းလဲခြင်း သို့မဟုတ် ပိတ်ပစ်ခြင်း၊ တပ်ဆင်ထားသောအရာများ (fixtures) သို့မဟုတ် ကိရိယာတန်ဆာပလာများ (equipment) ကို ပြောင်းလဲခြင်း စသည်တို့ကို ဆိုလိုသည်။

**"သဘောတူခွင့်ပြုပြီး (Approved)" -** ခွင့်ပြုစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့က သဘောတူခွင့်ပြုပြီး ဖြစ်သည်ကို ဆိုလိုသည်။

**"ခွင့်ပြုစီရင်ပိုင်ခွင့်ရှိသည့် အာဏာပိုင်အဖွဲ့ (Authority Having Jurisdiction)"** - ဤလမ်းညွှန်ချက်ကို/ တစ်စိတ်တစ်ပိုင်းကို စီမံခန့်ခွဲရန်အလို့ငှာ ပြဋ္ဌာန်းသည့်ဥပဒေ (Statute) တစ်ရပ်ရပ်ဖြင့် တည်ထောင်သည့် အာဏာပိုင်အဖွဲ့သည် ကော်မတီတစ်ရပ်ရပ်ကို သို့မဟုတ် အရာရှိဝန်ထမ်းတစ်ဦးဦးကို သို့မဟုတ် အေဂျင်စီတစ်ခုခုကို ၎င်းကိုယ်စား ကျင့်သုံး ဆောင်ရွက်ရန် အခွင့်အာဏာပေးအပ်နိုင်သည်။ ဤမှနောင်တွင် "အာဏာပိုင်အဖွဲ့ (Authority)" ဟု ခေါ်ဆိုမည်။

**"နောက်ဖေးရေမြောင်း (BDS or Back Drain Service)"** - သည် အဆောက်အအုံ၏ နောက်ကျောဖက်ရှိ ရေမြောင်းအတွက် နေရာတစ်ခုဖြစ်သည်။ (အပိုင်း ၅တွင် အသေးစိတ်ကြည့်ရန်)

**"အဆောက်အအုံ (Building)"** - လူနေထိုင်ရန် အသုံးပြုသည်ဖြစ်စေ အသုံးမပြုသည်ဖြစ်စေ၊ မည်သည့်ပစ္စည်းမျိုးဖြင့်ဖြစ်စေ၊ မည်သည့်ရည်ရွယ်ချက်ဖြင့်မဆို တည်ဆောက်ထားသော ဖွဲ့စည်းတည်ဆောက်မှုကို ဆိုလိုသည်။ ယင်းစကားရပ်တွင် အုတ်မြစ်၊ အောက်ခံခုံ၊ နံရံများ၊ ကြမ်းခင်းများ၊ အမိုးများ၊ မီးခိုးခေါင်းတိုင်များ၊ ရေပိုက်သွယ်တန်းခြင်းနှင့် အဆောက်အအုံ အထောက်အကူများ၊ ပလက်ဖောင်း၊ ဝရန်တာ၊ လေသာဆောင်၊ ပန်းကလပ် သို့မဟုတ် အဖီစွန်းများ၊ အဆောက်အအုံအစိတ်အပိုင်း၊ အဆောက်အအုံနှင့် တွဲဆက်ထားသည့်ပစ္စည်းများ၊ မြေကွက် သို့မဟုတ် နေရာလပ်ကို ပိတ်ဆို့ကာရံထားသော သို့မဟုတ် ကာရံရန် ရည်ရွယ်ထားသော နံရံများ၊ အမှတ်သင်္ကေတပြအရာများနှင့် အပြင်ဘက်လဟာပြင်တွင် ခင်းကျင်းပြသရန် တည်ဆောက်ထားမှုများ ပါဝင်သည်။ အာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အခမ်းအနားများအတွက် ယာယီတည်ဆောက်သော တဲ၊ တာပေါ်လင်ခိုနားရာ အဆောက်အအုံ စသည်တို့ကို အဆောက်အအုံအဖြစ်မှတ်ယူခြင်း မပြုရပါ။

**"အဆောက်အအုံအမြင့်(Building Height)"** - ခေါင်ပြန့်မိုးဖြစ်လျှင် ပတ်ဝန်းကျင်မြေပြင်၏ ပျမ်းမျှအမြင့်မှ သို့မဟုတ် အာဏာပိုင်အဖွဲ့က ဆုံးဖြတ်သတ်မှတ်သည့် ရည်ညွှန်းအမှတ်မှ အဆောက်အအုံနှင့် ထိစပ်လျက် သို့မဟုတ် အာဏာပိုင်အဖွဲ့က ဆုံးဖြတ်သည့်အတိုင်း အပြင်ဘက်နံရံနှင့် ကပ်လျက်ရှိသည့် အဆောက်အအုံ၏ အပေါ်ဆုံးထပ်ကြမ်းခင်းပြင်ညီအထိ

မတ်ရပ် (ထောင့်မှန်) အကွာအဝေးတိုင်းတာရပြီး ခေါင်စောင်းမိုးဖြစ်လျှင် အပြင်ဘက်နံရံ၏ အပြင်ဘက်မျက်နှာပြင်နှင့် ခေါင်စောင်းအစွန်းတို့ ဆုံသည့်အမှတ်အထိ တိုင်းတာရန်ဖြစ်ကာ လမ်းဘက်မျက်နှာမူသည့် မြင့်မိုရ်ပိတ်ရှိပါက တံစက်မြိတ်များနှင့် ခေါင်ချုပ်တို့၏ကြား အလယ်မှတ်အထိ တိုင်းတာရသည်။ အလှဆင်ခြင်းမှအပ အခြားဆောင်ရွက်ချက်မရှိသည့် ဗိသုကာလက်ရာများကို အမြင့်တိုင်းတာခြင်းမှ ဖယ်ထုတ်ရမည်။

(သမိုင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာများတွင် အဆောက်အအုံအမြင့်အား အလွန်အမြင့်မားဆုံးနေရာအထိ တိုင်းတာရမည်)

**"ဥပစာမျဉ်း (Building Line)"** - လမ်း သို့မဟုတ် တိုးချဲ့လမ်း သို့မဟုတ် နောင်တွင် ဥပဒေနှင့်အညီ တိုးချဲ့လာနိုင်သော လမ်းနှင့်ယှဉ်လျက်ရှိသည့် အဆောက်အအုံ၏ အောက်ခံခုံ (plinth) ထိရှိသောမျဉ်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မည်သည့်စနစ် (scheme) တွင်မဆို သတ်မှတ်ထားသောမျဉ်း (ရှိလျှင်) လည်း ပါဝင်သည်။ ဥပစာမျဉ်းသည် အာဏာပိုင်အဖွဲ့က ဆုံးဖြတ်သည့်အတိုင်း အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။

**"အသွင်ပြောင်းခြင်း (Conversion)"** - နေရာယူနေထိုင်မှု သို့မဟုတ် အဆောက်အအုံဥပစာကို အခြားနည်းနေရာယူနေထိုင်မှု သို့မဟုတ် အသုံးပြုမှုအဖြစ်သို့ ပြောင်းလဲပါက နောက်ထပ်နေရာယူနေထိုင်ရန်ခွင့်ပြုမိန့် လိုအပ်ပါသည်။

**"ဖွံ့ဖြိုးတိုးတက်စေခြင်း (Development)"** - မြေအတွင်း၊ မြေပေါ်၊ မြေအောက် သို့မဟုတ် ရေအတွင်း၊ ရေပေါ်၊ ရေအောက် အဆောက်အအုံဆောက်လုပ်ခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများ၊ သတ္တုတူးဖော်ခြင်း သို့မဟုတ် အခြားလုပ်ငန်းများ၊ အဆောက်အအုံ သို့မဟုတ် မြေယာကို အသုံးပြုမှုပြောင်းလဲခြင်းတို့ကို ဆိုလိုသည်။ မည်သည့်မြေယာကိုမဆို ပြန်လည်ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးစေခြင်းနှင့် နေရာချထားခြင်း (layout) နှင့် ထပ်ဆင့်ပိုင်းခြားခွဲခြမ်းခြင်း (subdivision) တို့လည်းပါဝင်သည်။ "ဖွံ့ဖြိုးတိုးတက်စေရန်" ဆိုသည့်စကားရပ်လည်း အလားတူသက်ရောက်စေရမည်။

**"ရေနုတ်ခြင်း (Drainage)"** - ရေနုတ်ရန်ရည်ရွယ်၍ တည်ဆောက်ပြုလုပ်ထားသော အရည်များ ဖယ်ရှားစွန့်ထုတ်ရန်စနစ်ကို ဆိုလိုသည်။

**"စက်ဘီးနှင့် အနှေးယာဉ်များအတွက်လမ်းများ (Lanes for bicycles and slow moving vehicles)"** - အမိုးနှင့်တံခါးမဲ့ လုပ်ငန်းသုံးစက်တပ်ယာဉ်များနှင့် တွန်းလှည်းများကဲ့သို့ (အပိုင်း ၂ တွင် ကြည့်ရန်)

**"နေရာယူနေထိုင်ခြင်း သို့မဟုတ် အသုံးပြုသူအုပ်စု (Occupancy or Use Group)"** - အပိုင်း ၂ တွင်ကြည့်ရန်)

**"ဝင်ရောက်နေထိုင်သူ (Occupier)"** - အဆောက်အအုံ၏ မည်သည့်အစိတ်အပိုင်းအတွက်မဆို ၎င်းအသုံးပြုသည့် အဆောင်အတွက် ငှားရမ်းခပေး၍ လက်ရှိနေထိုင်သူ သို့မဟုတ် ငှားရမ်းခ

ပေးရန်တာဝန်ရှိသူ၊ ထိုကဲ့သို့ အဆောက်အအုံတွင် ဝင်ရောက်နေထိုင်မှုအတွက် လျော်ကြေးအခ သို့မဟုတ် အာမခံကြေးပေးရန် တာဝန်ရှိသူနှင့် ငှားရမ်းခလွတ် နေထိုင်သူတို့ကိုလည်း ဆိုလိုသည်။ နေထိုင်သူပိုင်ရှင်နှင့် ပိုင်ဆိုင်သည့် အဆောက်အအုံကို အခြားနည်းအသုံးပြုသူ အဆောက်အအုံပိုင်ရှင်ကိုလည်း ဝင်ရောက်နေထိုင်သူဟု မှတ်ယူရမည်ဖြစ်သည်။

**“လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တည်ဆောက်ခြင်း/တပ်ဆင်ခြင်း (Operational Construction/ Installation)” -** လုပ်ငန်းလည်ပတ်ရန် ရည်ရွယ်ချက်ဖြင့် အခွင့်အာဏာပိုင်အဖွဲ့အစည်းများက အများပြည်သူဝန်ဆောင်မှုအတွက် ဆောက်လုပ်သည့် တည်ဆောက်ခြင်း/ တပ်ဆင်ခြင်းကို ဆိုလိုသည်။ (အပိုင်း ၅ တွင်ကြည့်ရန်)

**“ပိုင်ရှင် (Owner)”** - မြေယာ သို့မဟုတ် အဆောက်အအုံကို ဥပဒေကြောင်းအရ ပိုင်ဆိုင်ခွင့် (legal title) ရှိသူလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ဥပဒေအရ ဝင်ရောက်နေထိုင်ခွင့်နှင့် အဆောက်အအုံလုံခြုံမှု သို့မဟုတ် အဆောက်အအုံအခြေအနေတို့နှင့် စပ်လျဉ်း၍ တာဝန်အပ်နှင်းခံရသူဖြစ်သည့် အခမဲ့လွတ်လပ်စွာပိုင်ဆိုင်သူ၊ ငှားရမ်းခြင်းဖြင့် ပိုင်ဆိုင်သူ၊ တစ်ဆင့်ခံငှားရမ်းပိုင်ဆိုင်သူတို့လည်း ပါဝင်သည်။ ငှားရမ်းပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်ဆင့်ခံငှားရမ်းပိုင်ဆိုင်ခြင်းတွင် ဖွံ့စည်းတည်ဆောက်မှုနှင့် သက်ဆိုင်သမျှသော ပိုင်ဆိုင်မှုကို ဆိုလိုသည်။

**“လူသွားလမ်း (လမ်းကြောင်း) (Pathway)”** - အမိုးမိုးထားသည်ဖြစ်စေ၊ မမိုးထားသည်ဖြစ်စေ ခြေကျင်လျှောက်သူ လမ်းသွားလမ်းလာများအတွက် လမ်းကို ဆိုလိုသည်။ (အပိုင်း ၂ တွင် ကြည့်ရန်)

**“ခွင့်ပြုမိန့် (Permit)”** - ဤလမ်းညွှန်ချက်များက သတ်မှတ်ထားသည့်အတိုင်း လုပ်ငန်းကို ဆောင်ရွက်ရန် အာဏာပိုင်အဖွဲ့က စာဖြင့်ရေးသားခွင့်ပြုခြင်း သို့မဟုတ် လုပ်ပိုင်ခွင့်ပေးခြင်းကို ဆိုလိုသည်။

**“မြေကွက် (Plot)”** - သတ်မှတ်ထားသော နယ်နိမိတ်ရှိသည့် မြေကွက်အစိတ်အပိုင်းတစ်ခုကို ဆိုလိုသည်။

**“မှတ်ပုံတင်ဗိသုကာ (Registered Architect) ၊ မှတ်ပုံတင်အင်ဂျင်နီယာ(Registered Engineer) ၊ ခိုင်ခံ့မှုတည်ဆောက်ပုံဆိုင်ရာအင်ဂျင်နီယာ (Structural Engineer) ၊ ကြီးကြပ်ရေးမှူး (Supervisor)၊ မြို့ပြစီမံကိန်းရေးဆွဲသူ (Urban Planner) ၊ မြေယာရှုခင်းဗိသုကာ (Landscape Architect) ၊ မြို့ပြပုံစံဒီဇိုင်းထုတ်သူ (Urban Designer)”** - ကျင့်သုံးနိုင်သော ပြဋ္ဌာန်းဥပဒေတစ်ရပ်ရပ်ဖြင့် ဖွဲ့စည်း၍ ထိုကဲ့သို့သော အသက်မွေးဝမ်းကျောင်းအလုပ်ကို စီမံထိန်းချုပ်သော အာဏာပိုင်အဖွဲ့ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်တွင် အသိအမှတ်ပြုမှတ်ပုံတင်ထားပြီးသော သတ်မှတ်အရည်အချင်းပြည့်မီသည့် မှတ်ပုံတင်ဗိသုကာ ၊ မှတ်ပုံတင်အင်ဂျင်နီယာ၊ ခိုင်ခံ့မှုတည်ဆောက်ပုံဆိုင်ရာ အင်ဂျင်နီယာ၊ ကြီးကြပ်ရေးမှူး၊ မြို့ပြစီမံကိန်းရေးဆွဲသူ၊ မြေယာရှုခင်းဗိသုကာ သို့မဟုတ် မြို့ပြဒီဇိုင်းပုံစံထုတ်သူကို ဆိုလိုသည်။

မှတ်စုများ။ အာဏာပိုင်အဖွဲ့မှ "လိုင်စင်ထုတ်ပေးခြင်း/ လိုင်စင်ထုတ်ပေးထားသော" စသည့် စကားလုံးများကို အထက်ဖော်ပြပါ စကားဆက်များတွင် သုံးနှုန်းလာပါက "မှတ်ပုံတင်ခြင်း/ မှတ်ပုံတင်ထားသော" စသည့် အဓိပ္ပာယ်သက်ရောက်ကြောင်း မှတ်ယူရမည်။

"**လမ်းနယ် (Right of Way-ROW)"** - (အပိုင်း ၂ တွင်ကြည့်ရန်)

**"လမ်းမ (Road)"** - လမ်းများကို အောက်ပါအတိုင်း အတန်းအစားခွဲခြား သတ်မှတ်ပါသည် -

- လမ်းဦးစီးဌာနကိုကိုးကားလျက် ပြည်ထောင်စုလမ်းမကြီး (National Highway) ၊ တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်း (Regions/States Collector Road) ၊ ခရိုင်/ မြို့နယ်များ ဆက်သွယ်သည့်လမ်း (Districts/Townships Collector Road) ၊ မြို့နယ်/ ကျေးရွာများ ဆက်သွယ်သည့်လမ်း (Townships/Villages Collector Road) စသည်ဖြင့်၊
- Collectors လမ်းများ ၊ လမ်းသွယ်လမ်းခွဲများ (Feeders) ၊ ရပ်ကွက်တွင်းလမ်းများ (Residential road) ၊ အထောက်အကူလမ်းများ (Service road) စသည်ဖြင့်၊

**"လမ်းဘေးရေမြောင်း (SDS or Side Drain Service)"** - လမ်းဘေးရေမြောင်းအတွက် ထားရှိသောနေရာဖြစ်သည်။

**"ဆုတ်ဆိုင်းရန်သတ်မှတ်မျဉ်း (Set-back Line)"** - ကိစ္စရပ်တစ်ခုချင်းအလိုက် အာဏာပိုင်အဖွဲ့က သတ်မှတ်လေ့ရှိသည့် မြေကွက်နယ်နိမိတ်နှင့် အပြိုင်မျဉ်းကို ဆိုလိုသည်။ အဆိုပါမျဉ်းကို ကျော်လွန်၍ လုပ်ငန်းခွင်နယ်နိမိတ်သတ်မှတ်မျဉ်းဘက်သို့ မည်သည့်ဆောက်လုပ်ခြင်းမျိုးမှ မပြုလုပ်နိုင်ပါ။

**"လမ်း (Street)"** - လက်ရှိ သို့မဟုတ် အဆိုပြုထားသော မည်သည့်စီမံချက် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ အများပြည်သူဆိုင်ရာလမ်းမ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အမြန်လမ်း၊ လမ်း၊ မြို့တွင်းလမ်းကြား၊ လူသွားလမ်း၊ လမ်းကြားလမ်း၊ လှေကားလမ်း၊ သွားလမ်း၊ လမ်းကြောင်းသွား၊ ခြေကျင်လျှောက်လမ်း၊ ရင်ပြင်၊ တံတား သို့မဟုတ် သတ်မှတ်ကာလတစ်ခုခုအထိ အများပြည်သူဖြတ်သန်းသွားလာနိုင်သော၊ ဖြတ်သန်းသွားလာခဲ့ပြီးသော၊ အဟန့်အတားမရှိ ချဉ်းကပ်ဝင်ရောက်သွားလာနိုင်သော မည်သည့်နည်းဖြင့်မဆို ချဉ်းကပ်ဝင်ထွက်သွားလာခွင့်ရှိသောလမ်းကို ဆိုလိုသည်။ ထိုစကားရပ်တွင် တာရိုးများအားလုံး၊ လမ်းကြောင်းများ၊ မြောင်းများ၊ မုန်တိုင်းကြောင့် ရေစီးမြောင်းများ၊ မြေအောက်ပိုက်လိုင်းများ၊ လူသွားစင်္ကြံများ၊ ယာဉ်သွားလမ်းမပေါ်ရှိ လမ်းလယ်ကျွန်းများ၊ လမ်းဘေးသစ်ပင်များနှင့် ချုံတန်းစည်းရိုးများ၊ မြေထိန်းနံရံများ၊ ခြံစည်းရိုးများ၊ လမ်းနယ်နိမိတ်အတွင်း၌ရှိသော အတားအဆီးများနှင့် လက်ရန်းများ ပါဝင်သည်။

**"လမ်းမျက်နှာပြင်အမြင့် သို့မဟုတ် လျှောစောက် (Street Level or Grade)"** - တရားဝင်သတ်မှတ်ထားသောအမြင့် သို့မဟုတ် မြေကွက်အရှေ့လမ်းအူကြောင်းမျဉ်း၏ လျှောစောက်ကို

ဆိုလိုပြီး လျှောစောက်ကို တရားဝင်သတ်မှတ်ထားခြင်းမရှိပါက ၎င်း၏ အလယ်မှတ်ရှိလမ်း၏ လက်ရှိလျှောစောက်ကို ဆိုလိုသည်။

**"စိုက်ထူရန် (To Erect)"** - အဆောက်အအုံတစ်ခုစိုက်ထူရန်ဆိုသည်မှာ-

(က) ယခင်တည်ဆောက်ထားခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ မည်သည့်လုပ်ငန်းခွင်တွင် မဆို အဆောက်အအုံသစ် စိုက်ထူဆောက်လုပ်ရန်၊

(ခ) အောက်ခံခုံ၏ အထက်တွင်ရှိသော အစိတ်အပိုင်းများ ဖြိုချထားသော၊ မီးလောင်ထားသော သို့မဟုတ် ပျက်စီးသွားသော အဆောက်အအုံအား ပြန်လည်စိုက်ထူဆောက်လုပ်ရန်။

**"လုံခြုံစိတ်ချရမှုမရှိသောအဆောက်အအုံ (Unsafe Building)"** - ခိုင်ခန့်မှုအရနှင့် တည်ဆောက်မှုအရ လုံခြုံစိတ်ချရမှုမရှိသော သို့မဟုတ် သန့်ရှင်းရေးစနစ်မကောင်းသော သို့မဟုတ် ထွက်ပေါက် လုံလုံလောက်လောက်မပါရှိသော သို့မဟုတ် သဘာဝဘေးအန္တရာယ်များဖြစ်သော ငလျင်ဘေး၊ ရေကြီးရေလျှံဘေး၊ မုန်တိုင်းဘေး၊ မီးဘေးအစရှိသည့် အန္တရာယ်ရှိသော သို့မဟုတ် အခြားနည်းဖြင့် လူ့အသက်အန္တရာယ်ရှိသော၊ လုံလောက်သည့် ထိန်းသိမ်းပြုပြင်မှုမရှိသော ပျက်စီးယိုယွင်းနေခြင်းတို့ကြောင့် လက်ရှိအသုံးပြုမှုက လုံခြုံမှု၊ ကျန်းမာရေး သို့မဟုတ် အများပြည်သူ သက်သာချောင်ချိမှုကို အန္တရာယ်ရှိစေသောကြောင့် ကောင်းမွန်အောင်ပြုပြင်ခြင်း သို့မဟုတ် အလုံးစုံဖျက်ဆီးဖယ်ရှားခြင်း ပြုလုပ်ရန် လိုအပ်လျက်ရှိသည့် အဆောက်အအုံကို ဆိုလိုသည်။

### ၁.၁.၃ လမ်းညွှန်ချက်ကို ကျင့်သုံးမှု (Applicability of the Code)

**၁.၁.၃.၁** ဤလမ်းညွှန်ချက်၏ အစိတ်အပိုင်းအားလုံးနှင့် အပိုဒ်အားလုံးကို အပိုင်း ၂ တွင် ဖော်ပြထားသော အဆောက်အအုံအမျိုးအစားများအားလုံး ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျင့်သုံးနိုင်သမျှ ကျင့်သုံးရမည်ဖြစ်သည်။

**၁.၁.၃.၂** အဆောက်အအုံတစ်ခု စိုက်ထူတည်ဆောက်ပါက ဤလမ်းညွှန်ချက်ကို အဆောက်အအုံ ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် ဆောက်လုပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ကျင့်သုံးရမည်။

**၁.၁.၃.၃** အဆောက်အအုံတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်ဆီးဖယ်ရှားပါက ဤလမ်းညွှန်ချက်သည် ဖျက်ဆီးဖယ်ရှားသည်ဖြစ်စေ မဖယ်ရှားသည်ဖြစ်စေ အဆောက်အအုံ အစိတ်အပိုင်းအားလုံးအပေါ် သက်ရောက်ကျင့်သုံးရမည်။

**၁.၁.၃.၄** အဆောက်အအုံတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဖြိုချဖျက်ဆီးပါက အဆောက်အအုံ၏ ကျန်ရှိသော အစိတ်အပိုင်းနှင့် ဖြိုချဖျက်ဆီးခြင်း လုပ်ငန်းတို့တွင် ဤလမ်းညွှန်ချက်ကို ကျင့်သုံးရမည်။

**၁.၁.၃.၅** အဆောက်အအုံကိုပြောင်းလဲပါက ဤလမ်းညွှန်ချက်အရ လိုအပ်သောပစ္စည်းများနှင့် လုံခြုံမှုအစီအမံများဖြင့် ပြီးပြည့်စုံပြီးသော အဆောက်အအုံ အစိတ်အပိုင်းပေါ်တွင်သာ ကျင့်သုံးသည့်အခါမှတစ်ပါး ဤလမ်းညွှန်ချက်ကို လက်ရှိ သို့မဟုတ် အသစ်ဖြစ်သော အဆောက်အအုံတစ်ခုလုံးအပေါ်တွင် ကျင့်သုံးရမည်။

**၁.၁.၃.၆** အဆောက်အအုံတွင် ဝင်ရောက်နေထိုင်အသုံးပြုမှု ပြောင်းလဲပါက ထိုသို့ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုရှိရာ အဆောက်အအုံအစိတ်အပိုင်းအားလုံးအပေါ် ဤလမ်းညွှန်ချက် ကျင့်သုံးရမည်။

**၁.၁.၃.၇** မြေယာကိုဖွံ့ဖြိုးအောင် ဖော်ထုတ်ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးအောင် ဖော်ထုတ်ဆောင်ရွက်သည့် မြေယာတစ်ခုလုံးအပေါ်တွင် ဤလမ်းညွှန်ချက် ကျင့်သုံးသည်။

**၁.၁.၃.၈ လက်ရှိအဆောက်အအုံများ** - လက်ရှိအဆောက်အအုံကို ဆက်လက်အသုံးပြုခြင်း၊ နေထိုင်ခြင်းမပြုသင့်ကြောင်း အာဏာပိုင်အဖွဲ့က ထင်မြင်ယူဆလျှင်နှင့် အဆောက်အအုံတွင် နေထိုင်သူများနှင့် အနီးအနားပစ္စည်းများ အန္တရာယ်ကျရောက်မည့်အခြေအနေရှိလျှင် ဖျက်ဆီးဖယ်ရှားရန်၊ ပြောင်းလဲပြင်ဆင်ရန်၊ စွန့်ခွာပစ်ပယ်ရန် ဤလမ်းညွှန်ချက်က ဆောင်ရွက်သည်။

## ၁.၁.၄ ပတ်ဝန်းကျင်ကို မထိခိုက်စေသော သမားရိုးကျမဟုတ်သည့် ပစ္စည်းများ၊ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးနည်းစနစ်များနှင့် ကိရိယာတန်ဆာပလာများ

သမားရိုးကျမဟုတ်သောပစ္စည်း၊ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးနည်းစနစ်တို့ကို အတည်ပြုလက်ခံထားပြီးပါက ဤလမ်းညွှန်ချက်များပါ ပြဋ္ဌာန်းချက်များသည် မည်သည့် ကိရိယာတန်ဆာပလာများကိုမဆို တပ်ဆင်ခြင်းမှတန့်တားရန် သို့မဟုတ် ဤလမ်းညွှန်ချက်အရ သတ်မှတ်ထားခြင်းမရှိသော ဒီဇိုင်းပုံစံများနှင့် ဆောက်လုပ်ရေးနည်းစနစ်ကို တားမြစ်ရန် မရည်ရွယ်ပါ။ ပတ်ဝန်းကျင်ကို မထိခိုက်စေသော သမားရိုးကျမဟုတ်သည့် ပစ္စည်းများ၊ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးနည်းစနစ်များနှင့် ကိရိယာတန်ဆာပလာများနှင့်စပ်လျဉ်း၍ အဆိုပြုဒီဇိုင်းပုံစံ၊ ပစ္စည်း၊ နည်းစနစ်နှင့် လုပ်ငန်းတို့သည် ကျေနပ်ဖွယ်ရှိပြီး ဤလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီကြောင်း၊ ဤလမ်းညွှန်ချက်တွင် သတ်မှတ်ထားသော အရည်အသွေး၊ ကြံ့ခိုင်မှု၊ အကျိုးသက်ရောက်မှု၊ မီးဘေးဒဏ်ခံနိုင်မှု၊ မုန်တိုင်းဘေး၊ ရေကြီးရေလျှံဘေးနှင့် ငလျင်ဘေးကဲ့သို့သော သဘာဝဘေးအန္တရာယ်များဒဏ်ခံနိုင်မှု၊ ကြာရှည်ခံမှုနှင့် လုံခြုံစိတ်ချရစေမှုစသည်တို့ ထပ်တူကြောင်း အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက တွေ့ရှိပါက ၎င်းတို့ကို အတည်ပြုနိုင်ပါသည်။

**၁.၁.၄.၁ သုတေသနအစီရင်ခံစာများ** - ဤလမ်းညွှန်ချက်တွင် သီးခြားဖော်ပြမထားသော ဝတ္ထုပစ္စည်းများ သို့မဟုတ် တပ်ဆင်ရန်အစိတ်အပိုင်းများအား အတည်ပြုချက်ပေးရာတွင် လိုအပ်သော အထောက်အကူပြု အချက်အလက်များတွင် အတည်ပြုထားပြီးသော ရင်းမြစ်များမှ တရားဝင်ခိုင်မာသည့် သုတေသနအစီရင်ခံစာများ ပါဝင်ရပါမည်။

**၁.၁.၄.၂ စစ်ဆေးခြင်း** - ဤလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကြောင်း မထင်ရှားပါက သို့မဟုတ် ဝတ္ထုပစ္စည်း၊ နည်းစနစ်သည် ဤလမ်းညွှန်ချက်၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိကြောင်း ထင်ရှားပါက သို့မဟုတ် သမားရိုးကျမဟုတ်သော ဝတ္ထုပစ္စည်းနှင့် နည်းစနစ်တို့ကို တောင်းဆိုခြင်းအပေါ် အထောက်အထား ခိုင်ခိုင်လုံလုံ တင်ပြနိုင်ရေးအတွက်

အရာရှိဝန်ထမ်းသည် လမ်းညွှန်ချက်ကို လိုက်နာခြင်း ရှိ/ မရှိ လိုအပ်သော စစ်ဆေးမှုကို အသုံးစရိတ်ကျခံခြင်းမရှိဘဲ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ စစ်ဆေးခြင်းနည်းစနစ်များကို ဤလမ်းညွှန်ချက်ဖြင့် သို့မဟုတ် အခြားအသိအမှတ်ပြု စစ်ဆေးခြင်းစံများဖြင့် သတ်မှတ်ရမည်။ အသိအမှတ်ပြုထားသော၊ လက်ခံထားသော စစ်ဆေးခြင်းနည်းစနစ်များမရှိပါက အဆောက်အအုံဆိုင်ရာအရာရှိဝန်ထမ်းသည် စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းများကို အတည်ပြုဆောင်ရွက်ရမည်။ စစ်ဆေးခြင်းများကို သဘောတူအတည်ပြုထားသော အေဂျင်စီကဆောင်ရွက်ရမည်။ ထိုကဲ့သို့သော စစ်ဆေးခြင်းများ၏ အစီရင်ခံစာများကို အရာရှိဝန်ထမ်းက အများပြည်သူဆိုင်ရာ မှတ်တမ်းမှတ်ရာအဖြစ်သို့ ထိန်းသိမ်းထားရှိရန် လိုအပ်သောကာလအထိ ထိန်းသိမ်းထားရှိရမည်။

## ၁.၂ အဖွဲ့အစည်း ဖွဲ့စည်းခြင်းနှင့် ဥပဒေလိုက်နာစေခြင်း

### ၁.၂.၁ မြို့ပြစီမံကိန်းနှင့် အဆောက်အအုံအာဏာပိုင်အဖွဲ့တည်ထောင်ခြင်း

**၁.၂.၁.၁ အာဏာပိုင်အဖွဲ့ -** အာဏာပိုင်အဖွဲ့ကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှ ဖွဲ့စည်းပေးရမည်ဖြစ်ပြီး ယင်းအာဏာပိုင်အဖွဲ့သည် စီမံကိန်းအကောင်အထည်ဖော်မှုနှင့် အဆောက်အအုံတည်ဆောက်မှု ထိန်းချုပ်ကွပ်ကဲရေးကို ဆောင်ရွက်ရမည်။

**၁.၂.၁.၂ အရာရှိဝန်ထမ်းများခန့်အပ်ခြင်း -** အရာရှိဝန်ထမ်းများကို အာဏာပိုင်အဖွဲ့က ခန့်အပ်ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။ ဝန်ထမ်းများတွင် အာဏာပိုင်အဖွဲ့က ဆုံးဖြတ်သည့်အတိုင်း အင်ဂျင်နီယာများ၊ ဗိသုကာများ၊ မြို့ပြစီမံကိန်းရေးဆွဲသူများ၊ မြေယာရှုခင်းပညာရှင်များနှင့် မြို့ပြဒီဇိုင်းပုံစံထုတ်သူများကဲ့သို့ သက်ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများဖြင့် ကိုက်ညီသူများပါဝင်ရမည်။ စီမံကိန်းအကောင်အထည်ဖော်မှုနှင့် အဆောက်အအုံတည်ဆောက်မှု အသေးစိတ်စိစစ်ခြင်း လုပ်ငန်းသည် အာဏာပိုင်အဖွဲ့က ခန့်အပ်လိမ့်မည်ဖြစ်သော ကျွမ်းကျင်ပညာရှင်များ၏ တာဝန်ဖြစ်သည်။

**၁.၂.၁.၃ အဖွဲ့အစည်း -** အာဏာပိုင်အဖွဲ့တွင် လမ်းညွှန်ချက်ကို စီမံခန့်ခွဲရန် လိုအပ်သည့်အတိုင်း အပိုဒ် ၁.၂.၁.၂ ပါ အရာရှိဝန်ထမ်းများကို အထောက်အကူပြုရန် အရာရှိငယ်များ၊ နည်းပညာအထောက်အကူပေးသူများ၊ စစ်ဆေးရေးမှူးများနှင့် အခြားဝန်ထမ်းများ ကိုခန့်အပ်တာဝန်ပေးရမည်။

**၁.၂.၁.၄ လုပ်ပိုင်ခွင့်အာဏာများလွှဲအပ်ခြင်း -** အာဏာပိုင်အဖွဲ့သည် ၎င်း၏အမည်ဖြင့် အခွင့်အာဏာများကို ကျင့်သုံးဆောင်ရွက်စေရန် တစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ လူပုဂ္ဂိုလ်အစုအဖွဲ့တစ်ခုခုကိုဖြစ်စေ၊ အေဂျင်စီများကိုဖြစ်စေ သတ်မှတ်၍ အခွင့်အာဏာလွှဲအပ်နိုင်ပါသည်။ အပိုဒ် ၁.၂.၁.၂ ပါ အရာရှိဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များကို လိုအပ်သည်ဟု မှတ်ယူနိုင်သော အရည်အချင်းပြည့်သည့် သက်မွေးဝမ်းကျောင်းလုပ်ကိုင်နေသူများ သို့မဟုတ် အေဂျင်စီအဖွဲ့များစသည့် ပြင်ပအဖွဲ့အစည်းများထံ အပ်နှံရယူဆောင်ရွက်နိုင်သည်။

**၁.၂.၁.၅ အရာရှိဝန်ထမ်းများ၏ အရည်အချင်း** - စီမံကိန်းပုံစံများစိစစ်ခြင်း၊ အဆောက်အအုံများ စစ်ဆေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်နေရသည့် အဆောက်အအုံဆိုင်ရာအရာရှိဝန်ထမ်းများ၏ အရည်အချင်းသည် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့၏ သတ်မှတ်ချက်များနှင့် အညီဖြစ်ရမည်။

**၁.၂.၁.၆ ဝန်ထမ်းများအပေါ်ကန့်သတ်ချက် -** အဆောက်အအုံအာဏာပိုင်အဖွဲ့နှင့်ဆက်နွယ်သည့်အရာရှိများနှင့် ဝန်ထမ်းများသည် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အလုပ်သမားခန့်အပ်ခြင်း စသည့်လုပ်ငန်းများတွင် ပံ့ပိုးဖြည့်ဆည်းပေးသည့် လုပ်ငန်းမျိုးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်မှုမရှိရပါ။

**၁.၂.၁.၇ မှတ်တမ်းထားရှိခြင်း** - လက်ခံရရှိသောလျှောက်ထားမှုများ၊ ထုတ်ပေးသည့် ခွင့်ပြုမိန့်နှင့် အမိန့်များ၊ စစ်ဆေးခြင်း မှတ်ချက်များကို အနာဂတ်တွင် ပြန်လည်မှီငြမ်းနိုင်ရန် အလို့ငှာ မှတ်တမ်းအဖြစ် သိမ်းဆည်းထားနိုင်ရေး ဆောင်ရွက်ရမည်။ အာဏာပိုင်အဖွဲ့၏ တာဝန်ဆောင်ရွက်မှုအနေဖြင့် မှတ်တမ်းတင်သိမ်းဆည်းထားရန်နှင့် ယင်းမှတ်တမ်းများကိုသင့်လျော်သောအချိန်တွင် အများပြည်သူထံ၌ စစ်ဆေးခံနိုင်ရန်အတွက် ပြသရမည်။

**၁.၂.၂ အရာရှိဝန်ထမ်းများ၏လုပ်ပိုင်ခွင့်နှင့်တာဝန်များ (Power and Duties of the Officials)** - အရာရှိဝန်ထမ်းများသည် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို အာဏာသက်ရောက်စေရန် ဆောင်ရွက်ရမည်။ အဆောက်အအုံတည်ဆောက်ခြင်း၊ ထပ်မံတိုးချဲ့ခြင်း၊ အသွင်ပြောင်းခြင်း၊ ပြုပြင်ခြင်း၊ ဖယ်ရှားခြင်း၊ ဖြိုဖျက်ခြင်း၊ ဝန်ဆောင်မှု ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း လုပ်နည်းလုပ်ဟန် အပြုအမူနှင့် သုံးစွဲသည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ အခြားနည်း သီးခြားသတ်မှတ်သည့်ကိစ္စများမှလွဲ၍ အဆောက်အအုံအားလုံး၏ တည်နေရာ၊ အသုံးပြုမှု၊ ဝင်ရောက်နေထိုင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့်ကိစ္စရပ်များ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်းတို့ပြုရမည်။

**၁.၂.၂.၁ လျှောက်ထားခြင်းနှင့်ခွင့်ပြုမိန့်များ** - အရာရှိဝန်ထမ်းများသည် အဆောက်အအုံများဆောက်လုပ်ခြင်းနှင့် အသွင်ပြောင်းခြင်းတို့အတွက် လျှောက်ထားမှုအားလုံးကို လက်ခံပြီး ခွင့်ပြုမိန့်များ (ခွင့်ပြုမိန့်အခန်းတွင်ကြည့်ရန်) ထုတ်ပေးခြင်းနှင့် ထိုကဲ့သို့ ခွင့်ပြုမိန့်များထုတ်ပေးပြီးနောက်တွင် ထိုအဆောက်အအုံပရဝုဏ်များကို စစ်ဆေးခြင်းနှင့် လမ်းညွှန်ချက်ကို လိုက်နာစေရေး ဆောင်ရွက်ရမည်။

**၁.၂.၂.၂ အဆောက်အအုံ ကြေညာစာများနှင့် အမိန့်များ** - အဆောက်အအုံဆိုင်ရာအရာရှိဝန်ထမ်းများသည် တရားမဝင်သော၊ လုံခြုံစိတ်ချရမှုမရှိသော အခြေအနေများမှ ဖယ်ရှားရန် သို့မဟုတ် ပြောင်းလဲရန်လည်းကောင်း၊ ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ဆဲအတောအတွင်း လိုအပ်သောကာကွယ်မှုများ ရယူရန်လည်းကောင်း၊ ရှိပြီးအဆောက်အအုံတွင် လုံလောက်သော ထွက်ပေါက်များ ထားရှိရန်လည်းကောင်း၊ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် အများပြည်သူတို့၏ အထွေထွေအကျိုးအတွက် လိုအပ်ချက်များ လိုက်နာဆောင်ရွက်မှုသေချာစေရန်လည်းကောင်း လမ်းညွှန်ချက်တွင် ပါရှိသည့်အတိုင်း လိုအပ်သော အသိပေးထုတ်ပြန်ချက်များ၊ ကြေညာစာများနှင့် အမိန့်များကို ထုတ်ပြန်ရမည်။

**၁.၂.၂.၃ ဝင်ရောက်ခွင့်** - ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို အာဏာသက်ရောက်စေရေးအတွက် စစ်ဆေးမှုပြုလုပ်ရန် လိုအပ်သည့်အခါတွင်လည်းကောင်း သို့မဟုတ် ဤလမ်းညွှန်ချက်ကို ချိုးဖောက်ဆန့်ကျင်လျက်ရှိသည့် အခြေအနေဖြင့် အဆောက်အအုံဖွဲ့စည်းပုံ သို့မဟုတ် ဥပစာသည် ဘေးကင်းလုံခြုံမှုမရှိဟု ပေါ်ပေါက်နေကြောင်း ယုံကြည်ရန်

အကြောင်းရှိပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းများသည် ထိုအဆောက်အအုံဖွဲ့စည်းပုံ သို့မဟုတ် ဥပစာသို့ သင့်လျော်သောအချိန်တွင် စစ်ဆေးရန်လည်းကောင်း၊ ဤလမ်းညွှန်ချက်အရ သတ်မှတ်သောတာဝန်များ ဆောင်ရွက်ရန်လည်းကောင်း ဝင်ရောက်ခွင့်ရှိသည်။ သို့သော်လည်း ယင်းအဆောက်အအုံဖွဲ့စည်းပုံ သို့မဟုတ် ဥပစာတွင် လူဝင်ရောက်နေထိုင်ခြင်းရှိပါက ထိုသို့နေထိုင်နေသူသို့ အထောက်အထား ထောက်ခံစာကိုပြသ၍ ခွင့်တောင်းဝင်ရောက်ရမည်။ ထိုအဆောက်အအုံဖွဲ့စည်းပုံတွင် လူဝင်ရောက်နေထိုင်ခြင်း မရှိပါက ပိုင်ရှင် သို့မဟုတ် အဆောက်အအုံနှင့်စပ်လျဉ်း၍ တာဝန်ရှိသူ၊ စီမံခန့်ခွဲခွင့်ရှိသူတို့ မည်သည့်နေရာတွင် နေထိုင်ကြောင်းသိရှိစေရန် ဦးစွာဆောင်ရွက်ပြီးနောက် ဝင်ရောက်ခွင့်တောင်းခံရမည်။ ဝင်ရောက်ခွင့်ပြုရန် ငြင်းပယ်ပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းများသည် ဝင်ရောက်နိုင်ရေးအတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ အန္တရာယ်ရှိအဆောက်အအုံများနှင့် စပ်လျဉ်း၍ အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းများသည် ကြိုတင်အသိပေး အကြောင်းကြားခြင်းမရှိဘဲ စစ်ဆေးရန် ချက်ချင်းဝင်ရောက်နိုင်သည်။

**၁.၂.၂.၄ စစ်ဆေးခြင်း** - အရာရှိဝန်ထမ်းများသည် လိုအပ်သောစစ်ဆေးမှု အားလုံးကို ဆောင်ရွက်ရမည်။ ၎င်းတို့သည် အခွင့်ရအသိအမှတ်ပြု ဝန်ဆောင်မှုပေးသည့် အေဂျင်စီအဖွဲ့များနှင့် တစ်ဦးတစ်ယောက်ချင်းတို့က စစ်ဆေးတင်ပြသော အစီရင်ခံစာများကိုလည်း လက်ခံနိုင်သည်။ စစ်ဆေးမှုအစီရင်ခံစာအားလုံးကို စာဖြင့်ရေးသားရမည်ဖြစ်ပြီး ယင်းအစီရင်ခံစာတွင် ဝန်ဆောင်မှုပေးသည့် အေဂျင်စီအဖွဲ့ သို့မဟုတ် တစ်ဦးတစ်ယောက်၏ သက်သေခံလက်မှတ်ပါရှိရမည်။ ယင်းသို့ အစီရင်ခံရာ၌ သာမန်မဟုတ်သော နည်းပညာပိုင်းဆိုင်ရာ ပြဿနာများရှိကြောင်း ထင်မြင်ယူဆပါက တင်ပြရမည်။

**၁.၂.၂.၅ ဒီဇိုင်းပုံစံနှင့် ကိုက်ညီမှုမရှိသောဆောက်လုပ်မှု** - ဆောက်လုပ်ရေးလုပ်ငန်းသည် အတည်ပြုထားသော ဒီဇိုင်းပုံစံများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း သို့မဟုတ် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားကျင့်သုံးလိုက်နာရန်ရှိသော စည်းမျဉ်း၊ စည်းကမ်း၊ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတို့ကို ချိုးဖောက်ဆောင်ရွက်ကြောင်း အရာရှိဝန်ထမ်းများက မည်သည့်အဆင့်တွင်မဆို ဆုံးဖြတ်ပါက ၎င်းအရာရှိဝန်ထမ်းများသည် ပိုင်ရှင်နှင့် သတ်မှတ်အရည်အချင်း ပြည့်မီသူပုဂ္ဂိုလ်တို့ထံ အသိပေးအကြောင်းကြားရမည်ဖြစ်ပြီး လုပ်ငန်းပြုပြင် ဆောင်ရွက်ပြီးသည့်အချိန်ထိ သို့မဟုတ် ပြုပြင်ဆောင်ရွက်ပြီးကြောင်း အတည်ပြုသည့် အချိန်ထိ ဆက်လက်ဆောက်လုပ်ခြင်းကို ရပ်ဆိုင်းထားရမည်။ လုပ်ငန်းပိုင်ရှင်သည် ဆောက်လုပ်ရေးလုပ်ငန်း၏ မည်သည့်အဆင့်တွင်မဆို လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန်ပျက်ကွက်ပါက အရာရှိဝန်ထမ်းများသည် လုပ်ငန်းပိုင်ရှင်ထံသို့ ကိုက်ညီမှုမရှိသည့် အကြောင်းရင်းကိုဖြေရှင်းရန် အကြောင်းကြားစာထုတ်ရမည်။ လုပ်ငန်း

ပိုင်ရှင်သည် အကြောင်းကြားစာရရှိသည့်နေ့မှ ၁၄ ရက်အတွင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အရာရှိဝန်ထမ်းများသည် အဆောက်အအုံ ဆောက်လုပ်ခွင့်ကို ပယ်ဖျက်ရန် အခွင့်အာဏာအပ်နှင်းပြီးရှိစေရမည်။ ထိုသို့ဆောက်လုပ်ခွင့်ကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာကိုလည်း ထိုလုပ်ငန်းပိုင်ရှင်ထံသို့ ပေးပို့ရမည်။

**၁.၂.၂.၆ ပြုပြင်ပြောင်းလဲပြင်ဆင်ခြင်း** - ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လက်တွေ့အခက်အခဲများ ပေါ်ပေါက်လာပါက အရာရှိဝန်ထမ်းများသည် လုပ်ငန်းပိုင်ရှင် သို့မဟုတ် ကိုယ်စားလှယ်က လျှောက်ထားတင်ပြသော မည်သည့်ကိစ္စရပ်မျိုးကိုမဆို အများပြည်သူအကျိုးစီးပွားနှင့် ဘေးကင်းလုံခြုံမှုအတွက် သေချာစေရန် ထိန်းသိမ်းဆောင်ရွက်လျက် ဤလမ်းညွှန်ချက်၏ သဘောတရားနှင့်မဆန့်ကျင်စေဘဲ ခွင့်ပြုနိုင်သည်။

**၁.၂.၂.၇ အဆောက်အအုံ အသုံးပြုမှု၊ နေထိုင်မှုဆိုင်ရာ ဆန့်ကျင်ဖောက်ဖျက်ခြင်း** - မည်သည့်အဆောက်အအုံကိုမဆို ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက် အသုံးပြုသည့်အခါ အရာရှိဝန်ထမ်းများသည် ထိုအဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းတစ်ရပ်ရပ်ကို အသုံးပြုခြင်းမှ ရပ်ဆိုင်းရန်နှင့် ထိုသို့အသုံးပြုခြင်းမှ ရပ်ဆိုင်းရန်အတွက် အဆောက်အအုံမှ ထွက်ခွာဖယ်ရှားရန် အမိန့်ထုတ်နိုင်သည်။ အမိန့်ထုတ်ဆင့်ခြင်းခံရသူသည် ထိုသို့အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၃၀ ရက်အတွင်း အဆောက်အအုံကို အသုံးပြုခြင်းမှ ရပ်ဆိုင်းရမည် သို့မဟုတ် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ဤလမ်းညွှန်ချက်ပါလိုအပ်ချက်များအတိုင်း ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည်။

**၁.၂.၂.၈ တာဝန်ခံမှု** - အရာရှိဝန်ထမ်းများသည် ဤလမ်းညွှန်ချက်အရဖြစ်စေ၊ ဆက်စပ်သော ဥပဒေ သို့မဟုတ် စည်းမျဉ်းဥပဒေတို့အရဖြစ်စေ တာဝန်များကို ဆောင်ရွက်ရာတွင် စီရင်ပိုင်ခွင့်အတိုင်း သဘောရိုးဖြင့် မလိုတမာအငြိုးမရှိဘဲ ပုဂ္ဂိုလ်ရေးအရ ဆောင်ရွက်ခြင်းများအတွက် တာဝန်မရှိစေရ။ တာဝန်အရဆောင်ရွက်မှု၏ အကျိုးဆက် သို့မဟုတ် ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် လူပုဂ္ဂိုလ်များအပေါ် သို့မဟုတ် ပစ္စည်းဝတ္ထုများအပေါ် ထိခိုက်နစ်နာမှုအတွက် ပုဂ္ဂိုလ်ရေးအရတာဝန်ရှိမှုမှ ကင်းလွတ်သက်သာခွင့်ပြုရမည်။ ဥပဒေအရတာဝန်ကိုဆောင်ရွက်ခြင်း၊ ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းအရ တရားမမှု တစ်စုံတစ်ရာစွဲဆိုပါက စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် တရားဝင်ကိုယ်စားလှယ် (legal representative) ဖြင့် တရားစွဲဆိုမှု အပြီးသတ်ရပ်စဲသည့်တိုင်အောင် ခုခံပိုင်ခွင့်ရှိရမည်။ ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြု တရားစွဲဆိုမှု

များနှင့်စပ်လျဉ်း၍ တာဝန်ရှိသော အရာရှိဝန်ထမ်းနှင့် လက်အောက်ခံဝန်ထမ်းတို့တွင် တရားစရိတ်ကုန်ကျမှု အတွက် တာဝန်မရှိစေရ။

**၁.၂.၃ အယူခံအာဏာပိုင်အဖွဲ့ (Appealing Authority) -** ပတ်ဝန်းကျင်ကို မထိခိုက်စေသော သမားရိုးကျမဟုတ်သည့်ပစ္စည်းများ၊ ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ရေးနည်းစနစ်များ သင့်လျော်မှု ရှိ/မရှိ ဆုံးဖြတ်နိုင်ရန်နှင့် ဆောက်လုပ်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများတွင် ဖြစ်စေ၊ ခွင့်ပြုချက်ရရှိထားပြီးသော ဒီဇိုင်းပုံစံများနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများတွင်ဖြစ်စေ ဤလမ်းညွှန်ချက်၏ပြဋ္ဌာန်းချက်များကို သင့်လျော်သော အနက်ဖွင့်ဆိုရာတွင် အထောက်အပံ့ ပေးရန်အတွက် အရည်အချင်းမီ၊ အတွေ့အကြုံရှိသော လေ့ကျင့်သင်တန်းပေးထားသူများ အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အယူခံအာဏာပိုင်အဖွဲ့ကို အာဏာပိုင်အဖွဲ့က ခန့်အပ်ရမည်။ အရာရှိဝန်ထမ်းများထဲမှ ကိုယ်စားလှယ်တစ်ဦးသည် ရာထူးအလျောက် အဖွဲ့ဝင်အဖြစ် ပါဝင်ရမည် ဖြစ်ပြီး အယူခံအာဏာပိုင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။ အယူခံအာဏာပိုင် အဖွဲ့သည် စုံစမ်းစစ်ဆေးမှုအတွက် သင့်လျော်သော နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်များအားလုံးနှင့် တွေ့ရှိချက်များကို အရာရှိဝန်ထမ်းများသို့ စာဖြင့်ရေးသားပေးပို့ရန်နှင့် မူရင်းခွဲတစ်စောင်ကို အယူခံ လျှောက်ထားသူသို့ပေးရမည်။ ပြောင်းလဲ ပြင်ဆင်မှုများကိုလည်း လိုအပ်သလို ဆောင်ရွက်နိုင်ရန် အကြံပြုနိုင်သည်။

**၁.၂.၃.၁ အထွေထွေ (General) -** ဤလမ်းညွှန်ချက်ကို ကျင့်သုံးဆောင်ရွက်ခြင်း၊ အနက်ဖွင့်ဆိုခြင်းတို့နှင့် စပ်လျဉ်းသည့် အရာရှိဝန်ထမ်းများက ချမှတ်ဆောင်ရွက်သော အမိန့်ကြော်ငြာစာများ၊ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုကို ကြားနာဆုံးဖြတ်ရန် အလို့ငှာ အယူခံအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းသည်။ အယူခံအာဏာပိုင်အဖွဲ့ကိုအာဏာပိုင်အဖွဲ့ (အပိုဒ် ၁.၂.၁.၁) က ခန့်အပ်ပြီး ၎င်း၏ဆုံးဖြတ်ချက်အတိုင်း ရာထူးနေရာကိုလက်ခံရမည်။ အာဏာပိုင်အဖွဲ့သည် ၎င်း၏ တာဝန်များဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရမည်။

**၁.၂.၃.၂ အခွင့်အာဏာအပေါ် ကန့်သတ်ချက်များ (Limitations on authority) -** အယူခံလျှောက်ထားမှုသည် ဤလမ်းညွှန်ချက်၏ မှန်ကန်သောရည်ရွယ်ချက်အရ တောင်းဆိုမှု သို့မဟုတ် ဥပဒေအရချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်စေမှုတို့ကို မမှန်မကန် အနက်ဖွင့်ဆိုခြင်းအပေါ် အခြေခံမှုမရှိစေရ။ ဤလမ်းညွှန်ချက်အရ ပြဋ္ဌာန်းချက်များကို အပြည့်အဝလိုက်နာခြင်းမရှိသော်လည်း အလားတူကောင်းမွန်သော သို့မဟုတ် ပို၍ကောင်းမွန်သော ဆောက်လုပ်မှုပုံစံများရှိကြောင်း အဆိုပြုမှုအပေါ် အခြေခံရမည်။ အယူခံအာဏာပိုင်အဖွဲ့သည် ဤလမ်းညွှန်ချက်အရ ပြဋ္ဌာန်းချက်များကို စွန့်လွှတ်ပယ်ရှားရန်၊ လျှော့ပေါ့ပေးရန် အခွင့်အာဏာ မရှိစေရပါ။

### ၁.၂.၄ ချိုးဖောက်မှုများနှင့် ပြစ်ဒဏ်များ (Violations and Penalties)

**၁.၂.၄.၁ တရားမဝင်သော ပြုမူဆောင်ရွက်ချက်များ (Unlawful acts) -** မည်သည့် အဆောက်အအုံ၊ အခြားတည်ဆောက်ခြင်း သို့မဟုတ် ဤလမ်းညွှန်ချက်အရ စည်းကမ်း သတ်မှတ်ထားသော မည်သည့်ပစ္စည်းကိုမဆို တည်ဆောက်ရန်၊ ဆောက်လုပ်ရန်၊ ပြောင်းလဲရန်၊ တိုးချဲ့ရန်၊ ပြုပြင်ရန်၊ ရွှေ့ပြောင်းရန်၊ ဖယ်ရှားရန်၊ ဖျက်သိမ်းရန်၊ ဝင်ရောက်နေထိုင်ရန် ဆောင်ရွက်သည့် မည်သည့်ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် စီးပွားရေးလုပ်ငန်းစု (corporation) မဆို ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်ခြင်း၊ ချိုးဖောက်ဆောင်ရွက်ခြင်းပြုပါက ဥပဒေနှင့်မညီသော ပြုမူဆောင်ရွက်ချက်ဟု သတ်မှတ်ပါသည်။

**၁.၂.၄.၂ ချိုးဖောက်မှုကို အသိပေးအကြောင်းကြားခြင်း (Notice of violation) -** အရာရှိဝန်ထမ်းများသည် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို ဆန့်ကျင်ချိုးဖောက်လျက် သို့မဟုတ် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များအရ ထုတ်ပေးသောခွင့်ပြုမိန့် သို့မဟုတ် သက်သေခံလက်မှတ်တို့နှင့် ဆန့်ကျင်လျက်တည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြောင်းလဲခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်သိမ်းခြင်း၊ ဝင်ရောက်နေထိုင်ခြင်းတို့အတွက် တာဝန်ရှိသူအပေါ် ချိုးဖောက်မှုကို အသိပေးအကြောင်းကြားစာပေးပို့ခြင်း သို့မဟုတ် အမိန့်ထုတ်ဆင့်ခြင်းကို ပြုလုပ်ခွင့်ရှိသည်။ ထိုကဲ့သို့သောအမိန့်တွင် ဥပဒေနှင့် မညီသည့်ဆောင်ရွက်ခြင်း သို့မဟုတ် ဆန့်ကျင်ချိုးဖောက်ခြင်း အခြေအနေတို့ကိုရပ်စဲရန် ညွှန်ကြားရမည်။

**၁.၂.၄.၃ ချိုးဖောက်မှုအတွက်တရားစွဲဆိုခြင်း (Prosecution of violation) -** ချိုးဖောက်မှုကို အသိပေးအကြောင်းကြားစာအပေါ် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အရာရှိဝန်ထမ်းများသည် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်နိုင်ရေးအတွက် ဥပဒေအကြံပေးနှင့် ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။

**၁.၂.၄.၄ ပြစ်ဒဏ်များ (Violation penalties) -** ဤလမ်းညွှန်ချက်၏ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်သူ သို့မဟုတ် လမ်းညွှန်ချက်အရ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ပျက်ကွက်သူ သို့မဟုတ် သဘောတူအတည်ပြုထားသည့် လုပ်ငန်းစာရွက်စာတမ်းများ၊ အရာရှိဝန်ထမ်းများ၏ ညွှန်ကြားချက် သို့မဟုတ် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များအရ ထုတ်ပေးသော ခွင့်ပြုမိန့် သို့မဟုတ် သက်သေခံလက်မှတ်တို့နှင့် ဆန့်ကျင်လျက် တည်ဆောက်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းပြုလုပ်ဆောင်ရွက်သူ မည်သူမဆိုသည် ဥပဒေအရ သတ်မှတ်ထားသောပြစ်ဒဏ်များ ချမှတ်ခြင်းခံရမည်ဖြစ်သည်။

### ၁.၂.၅ လုပ်ငန်းရပ်ဆိုင်းရန်အမိန့် (Stop Work Order)

**၁.၂.၅.၁ အာဏာပိုင်အဖွဲ့ (Authority) -** အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ဤလမ်းညွှန်ချက်အရ သတ်မှတ်ထားသည့်လုပ်ငန်းသည် ဤလမ်းညွှန်ချက်၏ ပြဋ္ဌာန်းချက်

များနှင့် ဆန့်ကျင်လျက်ဆောင်ရွက်ကြောင်း သို့မဟုတ် အန္တရာယ်ရှိပြီး ဘေးကင်းလုံခြုံမှုမရှိကြောင်း တွေ့ရှိရပါက လုပ်ငန်းရပ်ဆိုင်းရန် အမိန့်ထုတ်ဆင့်နိုင်သည်။

**၁.၂.၅.၂ အကြောင်းကြားခြင်း (Issuance)** - လုပ်ငန်းရပ်ဆိုင်းရန်အမိန့်ကို စာဖြင့်ရေးသားရန်လိုအပ်ပြီးပါဝင်သည့်လုပ်ငန်းပိုင်ရှင်ထံသို့လည်းကောင်း၊ လုပ်ငန်းပိုင်ရှင်၏ ကိုယ်စားလှယ်ထံသို့လည်းကောင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂိုလ်ထံသို့ လည်းကောင်း ပေးအပ်ရမည်။ လုပ်ငန်းရပ်ဆိုင်းအမိန့်ထုတ်ပြန် အကြောင်းကြားခြင်းခံရပါက လုပ်ငန်းကို ချက်ချင်းရပ်ဆိုင်းရမည်။ လုပ်ငန်းရပ်ဆိုင်းရန် အမိန့်စာတွင် အမိန့်ထုတ်ရခြင်းအကြောင်းရင်း၊ ပြန်လည်ဆောင်ရွက်ခွင့်ပေးနိုင်မည့် အခြေအနေစည်းကမ်းချက်များကိုလည်း ထည့်သွင်းဖော်ပြရမည်။

**၁.၂.၅.၃ တရားမဝင်ဆက်လက်လုပ်ကိုင်ခြင်း (Unlawful Continuance)** - လုပ်ငန်းရပ်ဆိုင်းရန် အမိန့်ချမှတ်ခြင်းခံရသူသည် လမ်းညွှန်ချက်ကို ချိုးဖောက်ခြင်းတစ်ခုခုအတွက် ပြုပြင်ပြောင်းလဲရန် သို့မဟုတ် ဘေးကင်းလုံခြုံမှုရှိစေရေး မွမ်းမံပြုပြင်ဆောင်ရွက်ရန် လုပ်ဆောင်ခြင်းမှတစ်ပါး အခြားလုပ်ငန်းများ ဆောင်ရွက်ခွင့်မရှိစေရ။ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ပါက ဥပဒေကပြဋ္ဌာန်းသည့် ပြစ်ဒဏ်ကို ချမှတ်ခံထိုက်စေရမည်။

**၁.၂.၆ အထွေထွေ (Miscellaneous)**

**၁.၂.၆.၁ စည်းမျဉ်းစည်းကမ်းများ ပြုစုထုတ်ပြန်ရန်အာဏာ (Power to Make Rules & Regulations)** - အာဏာပိုင်အဖွဲ့သည် လမ်းညွှန်ချက်၏ပြဋ္ဌာန်းချက်များနှင့် ရည်ရွယ်ချက်များကို တာဝန်ယူ ဆောင်ရွက်နိုင်ရန်အတွက် စည်းမျဉ်းစည်းကမ်းများကို ပြုစုထုတ်ပြန်ပိုင်ခွင့်ရှိသည်။ သို့သော်လည်း မည်သည့်စည်းမျဉ်းစည်းကမ်းမျှ ဤလမ်းညွှန်ချက်၏ ပြဋ္ဌာန်းချက်များကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မဆန့်ကျင်စေရ၊ ပြဋ္ဌာန်းချက်များပျက်ပြယ်ခြင်း၊ အားပျော့စေခြင်းလည်း မဖြစ်စေရ။

**၁.၂.၆.၂ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းရန်နှင့်စံနှုန်းသတ်မှတ်ရန်အာဏာ (Power to Prescribe Procedures & Set Standards)** - အာဏာပိုင်အဖွဲ့သည် ကာလအလျောက် လမ်းညွှန်ချက်များ သို့မဟုတ် ထိုကဲ့သို့သောစံနှုန်းများ၊ ဒီဇိုင်းပုံစံလိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ အက်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများအရ ယင်းတို့နှင့် မဆန့်ကျင်သည့် ကိစ္စရပ်များတွင် အခြားအသေးစိတ်အချက်အလက်များကို ထပ်ဆင့်ထုတ်ပြန်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း ပြုနိုင်သည်။

## ၁.၃ ခွင့်ပြုမိန့်ပေးခြင်းနှင့် စစ်ဆေးခြင်း

### ၁.၃.၁ စီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်ရယူခြင်း (Development Planning Permit)

**၁.၃.၁.၁ စီမံကိန်းဆောင်ရွက်ရန်လိုအပ်သောခွင့်ပြုမိန့် (Planning Permit Required)-** အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ မူလကမပါဝင်သည့် အစိတ်အပိုင်းများအား ထပ်မံတပ်ဆင်၍ အားဖြည့်ခြင်း၊ ကြမ်းခင်းဧရိယာချဲ့ခြင်းနှင့် အဆောက်အအုံ/ မြေယာ အသုံးချမှုပုံစံပြောင်းလဲခြင်းတို့ပါဝင်သည့် အဓိကမြေယာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ခြင်းကိစ္စအားလုံးတွင် "စီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုမိန့် (Planning permit)" ရယူဆောင်ရွက်ရန်လိုအပ်ပါသည်။ စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ကို မြို့ပြစီမံကိန်းအာဏာပိုင်အဖွဲ့က ဤလမ်းညွှန်ချက် အပိုဒ် ၁.၂.၁ နှင့်အညီ ခွင့်ပြုရပါမည်။

**၁.၃.၁.၂ ဇုန်သတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ (Zoning Requirements) -** အသစ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆောင်သစ်တိုးခြင်း၊ ကြမ်းခင်းဧရိယာချဲ့ခြင်းနှင့် အဆောက်အအုံ/မြေယာအသုံးချမှုပုံစံ ပြောင်းလဲခြင်းတို့ပါဝင်သည့် အဓိကမြေယာ အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ခြင်း ကိစ္စအားလုံးသည် ဇုန်ခွဲခြားသတ်မှတ်ခြင်း (zoning classification) နှင့်ကိုက်ညီရန် လိုအပ်ပါသည်။

**၁.၃.၁.၃ မြို့ပြဒီဇိုင်းအလှဆင်မှုဆိုင်ရာထိန်းချုပ်ခြင်း (Urban Aesthetics Control) -** ဤလမ်းညွှန်ချက်၏ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းသည် သာမန်အဆောက်အအုံများအတွက် လုံလောက်ပါသည်။ သို့သော်လည်း အဓိကကျသော အများပြည်သူဆိုင်ရာ အဆောက်အအုံများ (buildings complexes) သို့မဟုတ် သမိုင်းဝင်/ အထိမ်းအမှတ်အဆောက်အအုံများအနီးနှင့် မြို့ပြထိန်းသိမ်းမှုဧရိယာများစသည့် အရေးကြီး ဧရိယာများတွင် တည်ဆောက်လာနိုင်သော အဆောက်အအုံများအတွက် ထို့အပြင် သမိုင်းဝင်၊ ဗိသုကာမြောက် သို့မဟုတ် အခြားအထိမ်းအမှတ်အဆောက်အအုံများ၏ ယေဘုယျလက္ခဏာများနှင့် မြို့ပြပတ်ဝန်းကျင်အလှအပကို ထိခိုက်စေမည့် မည်သည့်ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ခြင်းကိုမဆို ဤအပိုဒ်ပါပြဋ္ဌာန်းချက်များကို လိုက်နာစေရမည်။ ဤအပိုဒ်သည် အခြားကြေညာထားသော/ သမိုင်းဝင်သော အရေးကြီးအဆောက်အအုံများ အနီးအပါးတွင် တည်ဆောက်လာနိုင်သည့် အဆောက်အအုံအနည်းငယ်အပေါ်တွင် ကွပ်ကဲရန် ရည်ရွယ်ပါသည်။ မြို့ပြဒီဇိုင်းအလှဆင်ခြင်းကို စစ်ဆေးရမည်ဖြစ်ပြီး အပြန်အလှန်အားဖြင့် လက်ရှိတည်ရှိနေသော အဆောက်အဦ များနှင့် လိုက်ဖက်မှုကိုလည်း စစ်ဆေးရမည်ဖြစ်သည်။

**မြို့ပြအလှဆင်ရေးကော်မတီ (Urban Arts Committee)** တစ်ရပ်ကို မြို့ပြအလှဆင်ရေးနှင့် စပ်လျဉ်းသောကိစ္စရပ်များကို ဆောင်ရွက်ရန် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင်ဖွဲ့စည်းရမည်။ ဤကော်မတီသည် မြို့ပြအလှဆင်ရေး သက်ဆိုင်သည့်အဓိက အဆောက်အအုံများ၊ အရေးကြီးသော ဖွံ့ဖြိုးမှုစီမံကိန်းများ ကိုသဘာဝအခြေအနေ သို့မဟုတ် တည်

ဆောက်ပြီးသော အမွေအနှစ်အဆောက်အအုံ သို့မဟုတ် စီမံကိန်းတို့နှင့်စပ်လျဉ်းသည့် ဧရိယာ၏ အရေးပါမှုအပေါ်မူတည်၍ သဘောတူခွင့်ပြုချက်ပေးရန် တာဝန်ရှိသည်။ မြို့ပြအလှဆင်ရေးကော်မတီသည် အဓိကအားဖြင့် အဆောက်အအုံပုံစံနှင့် အဆောက်အအုံများကြားဆက်နွယ်မှု၊ သဘာဝပတ်ဝန်းကျင်၊ အခြားတည်မှီသည့် ဝန်းကျင်တည်ဆောက်မှုအချက်များကို အပြန်အလှန်အားဖြင့် ထည့်သွင်းစဉ်းစားလျက် မြို့ပြဗိသုကာပညာရပ်ကို ပံ့ပြင်ထိန်းကျောင်းသူအဖြစ် ဆောင်ရွက်ရမည်။ ကော်မတီကို မြို့ပြအလှဆင်ခြင်းနှင့် ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းရမည်။ မြို့ပြအလှဆင်ရေးကော်မတီသည် ယဉ်ကျေးမှုအသက်ဝင်ရေးအပြင် မြို့ပြသာယာလှပရေးအတွက် စီမံချက်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရကို အကြံဉာဏ်ပေးရန်လည်း တာဝန်ရှိစေရမည်။

**၁.၃.၁.၄ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းချုပ်ကွပ်ကဲခြင်းနှင့် မြေယာဥပဒေ (Environment Control and Land Law) -** စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ (Developers) နှင့် သတ်မှတ်အရည်အချင်းပြည့်မီသူ ပုဂ္ဂိုလ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများကို လိုက်နာရန်လိုအပ်ပြီး ဒေသအာဏာပိုင်အဖွဲ့များ၏ အခြားမြေယာဥပဒေများနှင့် လိုက်လျောညီထွေ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**၁.၃.၁.၅ စီမံကိန်းဆောင်ရွက်ရန်ခွင့်ပြုမိန့် လျှောက်ထားခြင်း (Application for Planning Permission) -** မြို့ပြစီမံကိန်းအသစ်ဆောက်လုပ်ခြင်း၊ မြို့ကွက်သစ်တိုးချဲ့ခြင်း၊ မြို့ပြဧရိယာပြန်လည်ဆန်းသစ်ခြင်းတို့အပြင် မူလအဆောက်အအုံကို ထပ်မံတိုးချဲ့ခြင်း၊ ကြမ်းခင်းဧရိယာချဲ့ထွင်ခြင်း၊ အဆောက်အအုံအသုံးပြုမှုပုံစံပြောင်းလဲခြင်း စသည်တို့ပါဝင်သည့် ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းဆောင်ရွက်မည့် လုပ်ငန်းပိုင်ရှင်များသည် အာဏာပိုင်အဖွဲ့သို့ ၎င်း၏ဖော်ပြပါ ရည်ရွယ်ချက်ကို သတ်မှတ်ထားသော ပုံစံဖြင့်ရေးသားလျက် စီမံကိန်းပုံစံများနှင့် လိုအပ်သော စာရွက်စာတမ်းများ (soft/ hard copy) ပူးတွဲလျက်တင်ပြရမည်။

**ကင်းလွတ်ခွင့်ရသောလုပ်ငန်းများ (Works exempt)**

အထက်အပိုဒ်တွင် မည်သို့ပင်ပါရှိစေကာမူ အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်း**ပုံစံနှင့်**လုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုမိန့်တောင်းခံရန် မလိုအပ်ပါ-

(က) ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်ခြင်း၊ အဆောက်အအုံ ပြုပြင်ပြောင်းလဲခြင်း အစရှိသည့် လုပ်ငန်းများကို အဆောက်အအုံအတွင်းသာ သက်ရောက်စေရန် ဆောင်ရွက်ပြီး -

- အဆောက်အအုံ သို့မဟုတ် အဆောက်အအုံတည်နေရာ မြေကွက် အသုံးပြုမှုကို ပြောင်းလဲမှု မပါဝင်ခြင်း၊
- အဆောက်အအုံ၏ ပြင်ပပုံပန်းသဏ္ဌာန်ကို သိသိသာသာ ထိခိုက်မှုမရှိခြင်း၊
- အဆောက်အအုံ၏ အမြင့် သို့မဟုတ် ကြမ်းခင်းဧရိယာ တိုးတက်များပြားလာမှု မရှိခြင်း၊

- အဆောက်အအုံတွင် တစ်စုံတစ်ရာထပ်တိုးခြင်း၊ ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုသည် ယင်းအဆောက်အအုံ၏ ရေမြောင်း၊ သန့်ရှင်းရေး စီမံထားရှိမှု၊ သို့မဟုတ် ခိုင်ခံ့မှုအပေါ် ထိခိုက်မှုမရှိခြင်း သို့မဟုတ်
- ဒေသဆိုင်ရာစီမံကိန်းပုံစံများပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုမရှိခြင်း၊

(ခ) ဒေသအာဏာပိုင်အဖွဲ့များက ရေမြောင်းများ၊ မိလ္လာရေဆိုးပိုက်များ၊ ပင်မရေပိုက်များ၊ ပင်မမိလ္လာရေဆိုးပိုက်များ၊ ပိုက်များ၊ နန်းကြိုးများ၊ သို့မဟုတ် အခြားကိရိယာများကို ခင်းကျင်းသွယ်တန်းခြင်း၊ စစ်ဆေးခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် အသစ်လဲလှယ်ခြင်းများအတွက် သော်လည်းကောင်း၊ လမ်းများပြင်ဆင်ထိန်းသိမ်းခြင်း အတွက်သော်လည်းကောင်း၊ ၎င်းလုပ်ငန်းများဆောင်ရွက်ရန် လမ်းများကို သို့မဟုတ် မြေပြင်ကို ဖွင့်ဖောက်ချိုးဖျက် ခြင်း အပါအဝင် ပစ္စည်းများထောက်ပံ့နိုင်ရေး ဆောင်ရွက်ခြင်း၊

(ဂ) စိုက်ပျိုးရေးအတွက် ဇုန်သတ်မှတ်ထားသော ဧရိယာအပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်သော ရေတွင်းများတူးဖော်ခြင်းအပါအဝင် မည်သည့်တူးဖော်ခြင်းမဆို၊

(ဃ) မြေ သို့မဟုတ် အဆောက်အအုံကို တစ်လထက်မပိုသော ကာလ သို့မဟုတ် ဒေသဆိုင်ရာစီမံကိန်း အာဏာပိုင်အဖွဲ့က ခွင့်ပြုနိုင်သော ကာလအတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်း-

- ယာယီ သို့မဟုတ် ရွှေ့ပြောင်း ရုပ်ရှင်ရုံ၊ ကဇာတ်ရုံ သို့မဟုတ် ပြပွဲအတွက်သုံးခြင်း၊
- ယာယီအပန်းဖြေပန်းဥယျာဉ်၊ ဈေးရောင်းပွဲ သို့မဟုတ် ပြခန်းများအတွက်သုံးခြင်း၊ သို့မဟုတ်
- ယာယီအခမ်းအနား၊ ဘာသာရေး၊ လူမှုရေး သို့မဟုတ် အခြားပွဲတော်အတွက် သုံးခြင်းနှင့် ထိုသို့အသုံးပြုခြင်း အလို့ငှာ အကျိုးသက်ရောက်စေမည့် ဆောင်ရွက်မှုတစ်ရပ်ရပ်အတွက်သုံးခြင်း၊

(င) စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးသော မြေပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပါဝင်ဆောင်ရွက်မည့် လုပ်သားများနေထိုင်ရန် ယာယီ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊

(စ) လူနေထိုင်ရာ အဆောက်အအုံများတည်ရှိပြီး ခြံဝင်းဧရိယာအတွင်း လူနေအိမ်ကဲ့သို့ နေထိုင်နိုင်ရန် အဆွယ်အပွား အဆောက်အအုံသေး ဆောက်လုပ်ရန် ရည်ရွယ်လျက် မြေယာနှင့် အဆောက်အအုံကို အသုံးပြုခြင်း။

**၁.၃.၁.၆ ခွင့်ပြုမိန့် လျှောက်ထားရာတွင် တင်ပြရမည့် လိုအပ်ချက်များ (Submission Requirements) -** ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ရာတွင် အဆောက်အအုံ တည်ဆောက်ခြင်း

ပါဝင်လာသည့်အခါတွင် စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့သည် လျှောက်ထားသူအပေါ် အောက်ဖော်ပြပါကိစ္စများနှင့် စပ်လျဉ်း၍ စာဖြင့်ရေးသား ညွှန်ကြားနိုင်သည် -

- အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းခွင်၏ မြေပြင်အမြင့်၊
- အိမ်နီးချင်းအဆောက်အအုံများနှင့် နယ်နိမိတ်သတ်မှတ်မျဉ်း၊
- အဆောက်အအုံ၏ အရှေ့ဘက်၊ အနောက်ဘက်နှင့် ဘေးဘက်တို့မှ မြင်ရသည့်ပုံများ၊
- အဆောက်အအုံ၏ အဆင့်အတန်း၊ ဒီဇိုင်းပုံစံနှင့် သွင်ပြင်၊
- အဆောက်အအုံနယ်နိမိတ်မျဉ်းမှ အဆောက်အအုံကြား အကွာအဝေး၊
- အဆောက်အအုံဆောက်လုပ်မည့် မြေသို့ဝင်ထွက်သွားလာနိုင်မှုနှင့်
- စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သည်ဟု စီမံကိန်းဆိုင်ရာ အာဏာပိုင်အဖွဲ့က ယူဆသည့် အခြားအကြောင်းအရာများ။

အထက်ပါအတိုင်း တင်ပြရန်လိုအပ်သော စာရွက်စာတမ်းများနှင့် ဒီဇိုင်းပုံစံများအပြင် လျှောက်ထားသူသည် အောက်ဖော်ပြပါအချက်များပါဝင်သည့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုအစီရင်ခံစာကိုလည်း တင်ပြရမည် -

- ဖွံ့ဖြိုးတိုးတက်ရေး အယူအဆနှင့် အကျိုးအကြောင်းရှင်းပြချက်၊
- တည်နေရာပြမြေပုံနှင့် လုပ်ငန်းခွင်နေရာချထားမှုပုံစံ၊
- မြေယာပိုင်ဆိုင်မှုအချက်အလက်များနှင့် ကန့်သတ်ချက်များ (ရှိလျှင်) -
  - (၁) မြေယာ၏ ရုပ်သွင်ပတ်ဝန်းကျင်၊ မြေမျက်နှာသွင်ပြင်၊ ရှုခင်း၊ ဘူမိဗေဒ၊ ကွန်တို၊ ရေမြောင်း၊ ရေထုထည်များနှင့် ရေဖမ်းနယ်နှင့် သဘာဝ ဆိုင်ရာအချက်အလက်များ ပါဝင်သည့်မြေနှင့် သက်ဆိုင်သည့် အချက်အလက်များ၊
  - (၂) သစ်ပင်များနှင့် သဘာဝပေါက်ပင် အမျိုးအစားများကို ဆန်းစစ် လေ့လာခြင်း နှင့်
  - (၃) ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှုကြောင့် ထိခိုက်နိုင်သည့် အဆောက်အအုံ၏ သီးခြားအချက်အလက်များ၊
- မြေယာအသုံးချမှု ခွဲခြမ်းစိတ်ဖြာခြင်းနှင့်ကပ်လျက်မြေအပေါ် ၎င်း၏အကျိုး သက်ရောက်မှု၊
- နေရာချထားမှုပုံစံများ (အသေးစိတ်အချက်အလက်များကို နေရာချထားမှုပုံစံလိုအပ်ချက်တွင် ဖော်ပြထားပါသည်။)
- စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းနိုင်သည့် အခြားသက်ဆိုင်သော ကိစ္စရပ်များ။

အာဏာပိုင်အဖွဲ့သည် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအမျိုးအစားအလိုက် တင်ပြသော ဖွံ့ဖြိုးမှုလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက် အစီရင်ခံစာတွင် စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့် လျှောက်ထားသည့် ဧရိယာအတွက် ဖွံ့ဖြိုးမှုလုပ်ငန်းကြောင့် လူမှုရေးဆိုင်ရာ ဂယက်ရိုက်မှုကို ခွဲခြမ်းစိတ်ဖြာဖော်ပြရမည်ဟု သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။

နေရာချထားမှုပုံစံလိုအပ်ချက်များတွင် အဆိုပြုဖွံ့ဖြိုးမှုလုပ်ငန်းနှင့် အောက်ပါတို့ကို အချက်အလက်များ ဖော်ပြရမည် -

- ဖွံ့ဖြိုးမှုလုပ်ငန်းသည် မြေယာနှင့် သက်ဆိုင်လျှင် -
  - ၎င်း၏ ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် တိုးတက်ကောင်းမွန်စေရေး အစီအမံများ၊
  - ၎င်း၏ သဘာဝမြေမျက်နှာသွင်ပြင် ရေရှည်တည်တံ့ရန် ထိန်းသိမ်းထားရှိရေး အစီအမံများ၊
  - ၎င်း၏ မြေယာရှုခင်းများ တိုးတက်ကောင်းမွန်စေရေး အစီအမံများ၊
  - ၎င်းမြေယာတွင် သစ်ပင်များစိုက်ပျိုးရေးနှင့်ထိန်းသိမ်းရေးအစီအမံများ၊
  - ၎င်းမြေယာပေါ်ရှိ သစ်ပင်များနှင့် အခြားသဘာဝပေါက်ပင်တို့၏ တည်နေရာနှင့် မျိုးစိတ်များ၊
  - လဟာပြင် မြေကွက်လပ်များ ပြုလုပ်ခြင်း၊
  - အဆိုပြုထားသည့် မြေကြီးလုပ်ငန်း (ရှိလျှင်)၊ နှင့်
  - ဆောင်ရွက်မည့် လုပ်ငန်းများ၏ အသေးစိတ်ဖော်ပြချက်များ နှင့်
- ဖွံ့ဖြိုးမှုလုပ်ငန်းသည် သမိုင်းဝင် အထူးဗိသုကာလက်ရာပါရှိသည့် အဆောက်အအုံနှင့် သက်ဆိုင်လျှင် ယင်းကိုအသုံးပြုမှုနှင့် အခြေအနေများအပါအဝင် အဆောက်အအုံကို ခွဲခြားသတ်မှတ်ရန် အချက်အလက်များ၊ အထူးဝိသေသလက္ခဏာ၊ သွင်ပြင်လက္ခဏာ၊ ယင်းကိုကာကွယ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းတို့အတွက် အစီအစဉ်နှင့် အစီအမံများနှင့်
- ဖွံ့ဖြိုးမှုလုပ်ငန်းတွင် အဆောက်အအုံကိုအသုံးပြုခြင်းပါဝင်လျှင် ပတ်ဝန်းကျင်ဧရိယာရှိ အဆောက်အအုံများ၏ ဝိသေသလက္ခဏာနှင့် သွင်ပြင်လက္ခဏာ အချက်အလက်များ။
- စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့က အခြားလိုအပ်ချက်များအဖြစ် စီမံကိန်း ဆောင်ရွက်ရန်နည်းလမ်းတွင် လိုအပ်သည်ဟု ယူဆသည့် အောက်ဖော်ပြပါကဲ့သို့ အခြားကိစ္စရပ်များ -
  - စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းသည် ဤလမ်းညွှန်ချက်၏ ၁.၃.၁.၂ တွင်ဖော်ပြသည့်အတိုင်း “သက်ဆိုင်ရာဧရိယာ အသီးသီးအတွက် ဇုန်သတ်မှတ်ခြင်း လိုအပ်ချက်များ” နှင့် ကိုက်ညီရန်၊
  - စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းတွင် အခြေခံအဆောက်အအုံ ပြောင်းလဲခြင်း သို့မဟုတ် လိုအပ်ချက်အသစ်များ ပူးတွဲပါရှိရမည်၊

- ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်နှင့် ဆောင်ရွက်ပြီးနောက်တို့တွင် အခြေခံ အဆောက်အအုံ လိုအပ်ချက်များကို အခြေခံအဆောက်အအုံပြဋ္ဌာန်းချက်များ အယူ အဆသစ်နှင့် ပူးတွဲဖော်ပြရမည်။

- စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းတွင် အောက်ဖော်ပြပါတို့ ပါဝင် သည့် ဆောင်ရွက်ရန်လျာထားသော စီမံကိန်းလုပ်ငန်းများအတွက် အယူအဆအခြေခံ ဒီဇိုင်းပုံစံ ပူးတွဲပါရှိရမည်-
  - မြေကွက်ဧရိယာအချိုး/အညွှန်း
  - အဆောက်အအုံဧရိယာအချိုး
  - အဆောက်အအုံအထပ်အားလုံး၏ကြမ်းခင်းပုံစံများ
  - အဆောက်အအုံအမြင့်
  - ကားရပ်ကွင်း
  - အချင်းဝက် (၂) မိုင်အတွင်းရှိ ပတ်ပတ်လည် ပတ်ဝန်းကျင်နှင့် ဆက်စပ်သည့် သုံးဖက်မြင်တင်ပြချက်၊
- စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းသည် သက်ဆိုင်သည့်မြို့နယ်၊ အခြေ ချရာကျေးရွာနှင့် ဧရိယာများ အသီးသီး၏ တည်ဆဲအမျိုးသားအမွေအနှစ် ထိန်းသိမ်း စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီမှုရှိရမည်။
- စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားခြင်းသည် ဤလမ်းညွှန်ချက်၏ သက်ဆိုင်ရာအပိုင်းများနှင့် ကိုက်ညီမှုရှိရမည်။

**၁.၃.၁.၇ အခကြေးငွေ (Fees)**

**လုပ်ငန်းစဉ်အတွက်အခကြေးငွေ (Processing Fees) -** စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်လျှောက်ထားမှု လုပ်ငန်းစဉ် အဆင့်ဆင့်အတွက် လတ်တလော ပေးသွင်းရမည့် အခကြေးငွေများကို သတ်မှတ်ထားပါသည်။ အခကြေးငွေကို လျှောက်ထားချိန်တွင် ပေးသွင်း ရပါမည်။ အစိုးရဌာနများနှင့် ဥပဒေအရတည်ထောင်သော ဘုတ်အဖွဲ့များသည် ငွေပေးသွင်း ခြင်းမှ ကင်းလွတ်ခွင့်မရပါ။ လျှောက်ထားမှု အခကြေးငွေကို အောက်ပါတို့နှင့် စပ်လျဉ်း၍ ပေးသွင်းရပါမည်-

- အဆောက်အအုံများကို ဖွံ့ဖြိုးမှုလုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် မြေယာများကို ထပ်မံ ခွဲခြမ်းရန် စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်အတွက်၊
- ထိန်းသိမ်းစောင့်ရှောက်ထားသော ဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်ရန် စာဖြင့် ရေးသားခွင့်ပြုချက်အတွက်၊
- ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အဖိုးအခသတ်မှတ်ရန်အတွက်၊
- ကားရပ်နားရန်နေရာပုံစံ သို့မဟုတ် အဆိုပြုချက်အပေါ် သဘောတူခွင့်ပြုချက်အတွက်၊

- ပစ္စည်းအတွက် ဝန်ထုပ်ဝန်ပိုးဆိုင်ရာ စုံစမ်းလေ့လာမှုအတွက်၊
- စီမံကိန်းမှတ်တမ်း သို့မဟုတ် ဖွံ့ဖြိုးမှုမှတ်ပုံတင် ရှာဖွေရခြင်းအတွက်၊
- ပုံစံများ၊ အကြောင်းကြားစာ၊ အမိန့်စသည်တို့၏ လက်မှတ်အတွက်နှင့်
- သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များက လိုအပ်သော အခြေခံအဆောက်အအုံ အသုံးပြုခြင်းနှင့် တည်ဆောက်ရခြင်းအတွက်၊

**ဖွံ့ဖြိုးမှုလုပ်ငန်းအခကြေးငွေ (Development Charges) -** ဒေသစီမံကိန်း သို့မဟုတ် ဒေသစီမံကိန်း၏ပြောင်းလဲခြင်းသည် မြေကွက်တန်ဖိုးမြှင့်တင်ရန် အတွက် မြေယာအသုံးပြုမှု၊ လူဦးရေသိပ်သည်းမှု၊ ကြမ်းခင်းဧရိယာပြောင်းလဲခြင်းတို့အပေါ် သက်ရောက်လျှင် ပြောင်းလဲမှုအရ မြေယာဖွံ့ဖြိုးမှုလုပ်ငန်း စတင်တာဝန်ယူ ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုလုပ်ငန်း အခကြေးငွေ စည်းကြပ်ကောက်ခံနိုင်သည်။

ဖွံ့ဖြိုးမှုလုပ်ငန်းအခကြေးငွေနှုန်းထား သို့မဟုတ် ပေးဆောင်ရမည့် ဖွံ့ဖြိုးမှုလုပ်ငန်း အခကြေးငွေပမာဏတွက်ချက်နည်းသည် မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည့်အခါ ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်။

တိုင်းဒေသကြီး/ ပြည်နယ်အာဏာပိုင်အဖွဲ့များသည် အထက်ပါနည်းဥပဒေများအရ နည်းဥပဒေတွင် ၎င်းတို့သတ်မှတ်ဖော်ပြနိုင်သော စည်းကမ်းချက်များကို လိုက်နာလျက် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပုဂ္ဂိုလ်အတန်းစားကိုမဆို၊ မည်သည့်ဖွံ့ဖြိုးမှုလုပ်ငန်းကိုမဆို၊ မည်သည့်ဖွံ့ဖြိုးမှုလုပ်ငန်း အတန်းအစား၊ ပုံစံ၊ အမျိုးအစားကိုမဆို ဖွံ့ဖြိုးမှုလုပ်ငန်း အခကြေးငွေပေးသွင်းခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

မှတ်စု - အခကြေးငွေများကို တစ်ပေါင်းတစ်စည်းတည်း အခကြေးငွေအဖြစ် ကောက်ခံနိုင်သည်။ အဆောက်အအုံ/ ဖွံ့ဖြိုးမှုလုပ်ငန်းအတွက် ခွင့်ပြုမိန့်ထုတ်မပေးသည့်ကိစ္စတွင် ပေးသွင်းထားသော အခကြေးငွေများကို ပိုင်ရှင်သို့ပြန်ပေးမည်မဟုတ်ပါ၊ ၎င်းကို ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခံရသည့်နေ့မှ (၁) နှစ် အတွင်း အာဏာပိုင်အဖွဲ့က ကန့်ကွက်ထားသည့်ကိစ္စများကို ပြုပြင်လိုက်နာလျက် အခကြေးငွေ ထပ်ပေးရန်မလိုဘဲ အသစ်ပြန်လည်တင်ပြရန် ခွင့်ပြုရမည်၊ (၁) နှစ် ကျော်မှ တင်ပြခြင်းဖြစ်ပါက အခကြေးငွေအသစ် ပေးသွင်းစေရမည်။

**၁.၃.၁.၈ အတည်ပြုချက်နှင့်ပြင်ဆင်ခြင်းတို့အတွက်ဆုံးဖြတ်ချက် (Decision for Approval and Revision) -** အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်အတွက် လျှောက်ထားမှုများနှင့် ပြင်ဆင်တင်ပြမှုများကို တင်သွင်းပြီးနောက် သင့်လျော်သည့်အချိန်အတွင်း စစ်ဆေးစိစစ်ရမည်။ အဆိုပြုသည့်လုပ်ငန်းသည် ဤလမ်းညွှန်ချက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီကြောင်း ကျေနပ်ပါက အာဏာပိုင်အဖွဲ့သည် သင့်လျော်သောကာလအတွင်း ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။ လျှောက်ထားမှုများသည် အာဏာပိုင်အဖွဲ့က သတ်မှတ်သည့် လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် အာဏာပိုင်အဖွဲ့သည် လျှောက်ထားမှုများကို အကျိုးအကြောင်းဖော်ပြ

လျက် စာဖြင့်ရေးသား၍ ငြင်းပယ်ရမည်။ လျှောက်ထားသူသည် အာဏာပိုင်အဖွဲ့က ဖော်ပြသော အကျိုးအကြောင်းဖော်ပြချက်ကို အခြေခံလျက် ပြင်ဆင်၍ ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသည်။

**၁.၃.၁.၉ အကြောင်းကြားစာထုတ်ပေးခြင်း (Issuance)** - လျှောက်ထားသူက ခွင့်ပြုမိန့်အတွက်တင်သွင်းသောလျှောက်လွှာများ၊ ဒီဇိုင်းပုံစံများ၊ စံချိန်စံညွှန်းများ၊ တွက်ချက်ဖော်ပြချက်များနှင့် အခြားအချက်အလက်များကို စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့က စိစစ်သုံးသပ်ရမည်။ ၎င်းတို့စီရင်ဆုံးဖြတ်ခွင့်တွင် ကျရောက်သော ကျင့်သုံးပိုင်ခွင့်ရှိဥပဒေများကို လိုက်နာဆောင်ရွက်ခြင်းရှိ/ မရှိ စိစစ်စီရင်ဆုံးဖြတ်ခွင့်ရှိသော အခြားဌာနများကလည်း ထိုကဲ့သို့သော ဒီဇိုင်းပုံစံများကို စိစစ်သုံးသပ်နိုင်သည်။ စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်လျှောက်ထားသည့် လျှောက်ထားမှုတွင် ဖော်ပြသောလုပ်ငန်း၊ ဒီဇိုင်းပုံစံများ၊ စံချိန်စံညွှန်းများနှင့် တင်သွင်းသည့် အခြားဖော်ပြချက်များသည် ဤလမ်းညွှန်ချက်ပါ လိုအပ်ချက်များနှင့် အခြားသက်ဆိုင်သည့်ဥပဒေများ၊ စည်းမျဉ်းဥပဒေများနှင့် ကိုက်ညီမှုရှိပြီး ၁.၃.၁.၇ တွင် သတ်မှတ်ဖော်ပြထားသော အခကြေးငွေများကို ပေးသွင်းပြီးဖြစ်ကြောင်း တွေ့ရှိပါက လျှောက်ထားသူသို့ ခွင့်ပြုမိန့်ထုတ်ပေးရမည်။

ဒီဇိုင်းပုံစံတင်ပြရန် လိုအပ်သည့် စီမံကိန်းများကို စီမံကိန်းဆိုင်ရာ အာဏာပိုင်အဖွဲ့က ခွင့်ပြုမိန့်ထုတ်ပေးသောအခါတွင် စီမံကိန်းဆိုင်ရာ အာဏာပိုင်အဖွဲ့သည် ဒီဇိုင်းပုံစံများနှင့် စံချိန်စံညွှန်းများအပေါ် အတည်ပြုခွင့်ပြုပြီးကြောင်း စာဖြင့်ရေး၍သော်လည်းကောင်း၊ တံဆိပ်ရိုက်နှိပ်၍လည်းကောင်း အတည်ပြုပေးရမည်။ ထိုသို့အတည်ပြုခွင့်ပြုပြီးသော ဒီဇိုင်းပုံစံများနှင့် စံချိန်စံညွှန်းများကို စီမံကိန်းဆိုင်ရာအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်မရဘဲ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ အသွင်ပြောင်းခြင်းမပြုရ။ ဤလမ်းညွှန်ချက်အရ စည်းကမ်း သတ်မှတ်ထားသည့် လုပ်ငန်းအားလုံးကို အတည်ပြုခွင့်ပြုပြီးသော ဒီဇိုင်းပုံစံများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

**၁.၃.၁.၁၀ ဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်း (Suspension and Revocation)** - ခွင့်ပြုမိန့်ကို မှားယွင်းထုတ်ပေးခြင်း၊ မှန်ကန်မှုမရှိသည့်အချက်အပေါ်၊ တိကျပြည့်စုံမှုမရှိသည့် သတင်းအချက်အလက်အပေါ် အခြေပြုထုတ်ပေးခြင်း၊ စည်းမျဉ်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ သို့မဟုတ် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များ ချိုးဖောက်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများသည် အခြားစီမံကိန်းလုပ်ငန်း၏ ဧရိယာတွင် ကျရောက်ခြင်းရှိပါက အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်ကို ပြန်လည်ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။ ထိုသို့ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းပြုသည့် အကြောင်းပြချက်ကို အာဏာပိုင်အဖွဲ့က လျှောက်ထားသူသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်။

**၁.၃.၁.၁၁ ပိုင်ရှင်/လုပ်ငန်းဆောင်ရွက်သူ၏တာဝန်ရှိမှုများ (Responsibilities of the Owners/Developers)**

**လိုအပ်ချက်များနှင့်တာဝန်များ (Requirements and Duties) -** အဆောက်အအုံ တည်ဆောက်နေစဉ်အတွင်း အာဏာပိုင်အဖွဲ့က ခွင့်ပြုမိန့်ပေးခြင်း၊ ဒီဇိုင်းပုံစံများ၊ စံချိန်စံညွှန်းများကို အတည်ပြုခွင့်ပြုခြင်းနှင့် စစ်ဆေးခြင်းများသည် ဤလမ်းညွှန်ချက်အရ လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ထိုအဆောက်အအုံ၏ ပိုင်ရှင်အပေါ် အပြည့်အဝ တာဝန်ရှိမှုကို သက်သာခွင့်ပြုသည်မဟုတ်ပါ (ချိုးဖောက်မှုနှင့် ပြစ်ဒဏ်များတွင် ကြည့်ပါ) ။

ပိုင်ရှင်တိုင်းသည် -

(က) လမ်းညွှန်ချက်ကို လိုက်နာဆောင်ရွက်စေရန်အလို့ငှာ ခွင့်ပြုမိန့်ပေးပြီးသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံဥပစာအတွင်း သင့်လျော်သည့်အချိန်တွင် အာဏာပိုင်အဖွဲ့ကို ဝင်ရောက်စစ်ဆေးခွင့်ပြုစေရမည်၊

(ခ) စီမံကိန်းဆောင်ရွက်ရန် ခွင့်ပြုမိန့်ရရှိပြီးသော လုပ်ငန်းခွင်၏ လိုအပ်သော စာရွက်စာတမ်းများကို တင်ပြရမည်၊

(ဂ) အဆောက်အအုံ တည်ဆောက်ခြင်း၊ ဇုန်သတ်မှတ်ခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ မိလ္လာရေဆိုးပိုက်များ၊ ရေပိုက်မကြီး၊ ရေပိုက်ဆက်သွယ်မှုစနစ်၊ သင်္ကေတများ၊ ဖောက်ခွဲခြင်း၊ လမ်းနယ်အားအသုံးပြုခြင်း၊ လျှပ်စစ်၊ အဝေးပြေးလမ်းများ စသည်တို့နှင့် စပ်လျဉ်းသည့် ခွင့်ပြုမိန့်များနှင့် အဆိုပြုလျှောက်ထားသောလုပ်ငန်းနှင့် ဆက်စပ်၍ လိုအပ်သော အခြားခွင့်ပြုမိန့်အားလုံးကို အာဏာပိုင်အဖွဲ့ထံမှ ရယူထားရမည်၊

(ဃ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်ငန်းစတင်ရန် ရည်ရွယ်ဆောင်ရွက်ကြောင်း အာဏာပိုင်အဖွဲ့သို့ အကြောင်းကြားစာပေးပို့ရမည်၊ (လုပ်ငန်းစတင်ဆောင်ရွက်ကြောင်း အကြောင်းကြားစာပုံစံကို ကြည့်ပါ)

(င) ၎င်းပါဝင်ဆောင်ရွက်သည့် အသက်မွေးကျွမ်းကျင်မှုဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းကို ရပ်စဲသည့်အခါ အာဏာပိုင်အဖွဲ့သို့ အကြောင်းကြားစာ ရေးသားပေးပို့ရမည်နှင့်

(စ) အောက်ပါတို့မဆောင်ရွက်မီ အာဏာပိုင်အဖွဲ့ထံမှ ဝင်ရောက်နေထိုင်ရန်ခွင့်ပြုချက် (ဝင်ရောက်နေထိုင်ရန်ခွင့်ပြုချက်ပုံစံကိုကြည့်ပါ) ကိုကြိုတင်ရယူရမည်-

  (၁) အဆောက်အအုံ သို့မဟုတ် ယင်းအဆောက်အအုံ၏ အစိတ်အပိုင်းတစ်ခုခုကို ဆောက်လုပ်ပြီး သို့မဟုတ် ပြောင်းလဲပြင်ဆင်ပြီးနောက်တွင် ယင်း အဆောက်အအုံ သို့မဟုတ် အစိတ်အပိုင်းတွင် ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ်

  (၂) အဆောက်အအုံ သို့မဟုတ် အစိတ်အပိုင်းကို အသုံးပြုမှုအမျိုးအစား ပြောင်းလဲခြင်း။

ခွင့်ပြုမိန့်ပေးထားသော အဆောက်အအုံတစ်ခုလုံး မပြီးစီးမီ ယင်းအဆောက်အအုံ၏အစိတ်အပိုင်း သို့မဟုတ် အစိတ်အပိုင်းများတွင် ဝင်ရောက်နေထိုင်ပါက လူ့အသက်နှင့် လူမှုဘဝလုံခြုံမှုကို အန္တရာယ်မဖြစ်စေဘဲ လုံခြုံဘေးကင်းမှုရှိမည်ဆိုပါက ခွင့်ပြုမိန့်ရရှိထားသူ၏ တောင်းခံချက်အရ အာဏာပိုင်အဖွဲ့သည် ယင်းအဆောက်အအုံတွင် သို့မဟုတ် ယင်းအဆောက်အအုံ အစိတ်အပိုင်းတစ်ခုခုတွင် ဝင်ရောက်နေထိုင်ရန် ယာယီဝင်ရောက်နေထိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်သည်။

**၁.၃.၁.၁၂ လုပ်ငန်းဆောင်ရွက်ရန် သတ်မှတ်အရည်အချင်းပြည့်မီသူပုဂ္ဂိုလ်များ၏ တာဝန်များ (Responsibilities of the Qualified Persons)**

**၁.၃.၁.၁၂.၁** ဤလမ်းညွှန်ချက်တွင် ရည်ညွှန်းဖော်ပြထားသော ဗိသုကာများ၊ အင်ဂျင်နီယာများ၊ အဆောက်အအုံအင်ဂျင်နီယာများ၊ မြေယာရှုခင်းဗိသုကာ၊ မြို့ပြပုံစံဒီဇိုင်းဆွဲသူ၊ ကြီးကြပ်ရေးမှူးများ၊ မြို့ပြစီမံကိန်းရေးဆွဲသူများနှင့် မှတ်ပုံတင်လက်မှတ်ရရှိထားသော ကန်ထရိုက်တာတို့သည် ၎င်းတို့ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ပတ်သက်၍ အရည်အချင်းပြည့်မီလုပ်ကိုင်ခွင့်ရှိကြောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ အသီးသီးထံတွင် မှတ်ပုံတင်ရမည်။

**၁.၃.၁.၁၂.၂** မှတ်ပုံတင်ထားသော မြို့ပြစီမံကိန်းရေးဆွဲသူသည် အောက်ဖော်ပြပါအတိုင်း ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ရန်ခွင့်ပြုမိန့်နှင့် သက်ဆိုင်သည့်လုပ်ငန်းကို ဆောင်ရွက်ရန် အရည်အချင်းပြည့်မီရမည် -

(က) မြေယာများကို ထပ်မံခွဲခြမ်းခြင်း/ နေရာချထားမှုအတွက်ပုံစံများနှင့် ဧရိယာအသီးသီးအတွက် ဖွံ့ဖြိုးမှုလုပ်ငန်း ဆောင်ရွက်ရန်ခွင့်ပြုမိန့်နှင့် ဆက်စပ်သည့် သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ခြင်း၊

(ခ) မြေဧရိယာအားလုံးဖွံ့ဖြိုးမှုလုပ်ငန်းအတွက်ကြီးကြပ်ရန် လက်မှတ်ကိုထုတ်ပေးခြင်း။

**၁.၃.၁.၁၂.၃** အဆောက်အအုံဆောက်လုပ်ခြင်း၏ မည်သည့်အဆင့်တွင်မဆို၊ မြေယာဖွံ့ဖြိုးမှုလုပ်ငန်းစဉ် မည်သည့်အဆင့်တွင်မဆို ဒီဇိုင်းပုံစံများ ကြိုတင်ပြင်ဆင်ခြင်းနှင့် လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကြီးကြပ်ခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သူ မှတ်ပုံတင်အသက်မွေးဝမ်းကျောင်းပညာရှင်ကို ပြောင်းလဲပါက အဆိုပါ အသက်မွေးဝမ်းကျောင်းပညာရှင်သည် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိတော့ကြောင်း အာဏာပိုင်အဖွဲ့ထံ စာရေး အကြောင်းကြားရမည်။

**၁.၃.၁.၁၃ ခွင့်ပြုမိန့်၏တရားဝင်ခိုင်မာမှု (Validity of Permit) -** ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပေးရန်ခွင့်ပြုခြင်းမှာ ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို သို့မဟုတ် အခြားစည်းမျဉ်းဥပဒေများကို ချိုးဖောက်ရန် ခွင့်ပြုမိန့်ဟု အဓိပ္ပာယ်ကောက်ယူနိုင်မည် မဟုတ်ပါ။ ဤလမ်းညွှန်ချက် သို့မဟုတ် အခြားစည်းမျဉ်းအမိန့်များကို ချိုးဖောက်လွဲဖယ်ရန်

အတွက် မှတ်ယူနိုင်သော ခွင့်ပြုမိန့်ပေးခြင်းသည် တရားမဝင်ပျက်ပြယ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့် အခြားအချက်အလက်များအပေါ် အခြေပြု၍ ခွင့်ပြုမိန့် ထုတ်ပေးခြင်းသည် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ဆောက်လုပ်ရေးလုပ်ငန်း ဆိုင်ရာစာရွက်စာတမ်းများနှင့် အခြားအချက်အလက်များ မှားယွင်းမှုအတွက် ပြန်လည် ပြင်ဆင်ရန်လိုအပ်သဖြင့် ပြင်ဆင်ခြင်းကို တားမြစ်ခြင်းမရှိပေ။ ဤလမ်းညွှန်ချက်နှင့် အခြား စည်းမျဉ်းဥပဒေများကို ချိုးဖောက်၍ အဆောက်အအုံအတွင်း ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် အဆောက်အအုံအား အသုံးပြုခြင်းကို တားဆီးရန် အဆောက်အအုံဆိုင်ရာ အရာရှိ ဝန်ထမ်းတွင် လုပ်ပိုင်ခွင့်ရှိပါသည်။

**၁.၃.၁.၁၄ သက်တမ်းကုန်ဆုံးခြင်း (Expiration) -** ထုတ်ပေးသော ခွင့်ပြုမိန့်တိုင်းသည် ထုတ်ပေးပြီးနောက် တစ်နှစ်အတွင်း ခွင့်ပြုမိန့်အရ ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းများကို စတင်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် လုပ်ငန်းစတင်ပြီးနောက် တစ်နှစ်အတွင်း ဆောင်ရွက်ခြင်းမရှိဘဲ ရွှေ့ဆိုင်းခြင်း၊ ရပ်ဆိုင်းခြင်းပြုလျှင် ပျက်ပြယ်စေရမည်။ အဆောက် အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် တစ်ကြိမ်လျှင် (၁) နှစ်ထက်မပိုဘဲ တစ်ကြိမ် သို့မဟုတ် တစ်ကြိမ်ထက်ပို၍ အချိန်ကာလတိုးမြှင့်ခြင်းကို စာဖြင့်ရေးသား ခွင့်ပြုပိုင်ခွင့်ရှိသည်။ အချိန် ကာလတိုးမြှင့်ခြင်းကို စာဖြင့်ရေးသားတောင်းဆိုနိုင်ပြီး တိုးမြှင့်သင့်/ မသင့် စဉ်းစား ဆုံးဖြတ် နိုင်ရန်လည်း အကျိုးအကြောင်းဖော်ပြရမည်။

### ၁.၃.၂ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် (Building Permit)

**၁.၃.၂.၁ လိုအပ်သောအဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့် (Building Permit Required)**
ဤလမ်းညွှန်ချက်ဖြင့် စည်းကမ်းသတ်မှတ်၍ ဤလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်ဖြစ် သော အဆောက်အအုံ သို့မဟုတ် ဖွဲ့စည်းမှုကိုတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်မှုပုံစံပြောင်းလဲခြင်း၊ သို့မဟုတ် တပ်ဆင်အသုံးပြုခြင်းကို ဤလမ်းညွှန်ချက်ဖြင့် စည်းကမ်းသတ်မှတ်ထား၍ ဤလမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်ဖြစ်သော လျှပ်စစ်စနစ်၊ ဓာတ်ငွေ့စနစ်၊ စက်စွမ်းအားစနစ် သို့မဟုတ် ရေစုပ်ရေတင်စနစ်တို့ကို တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖယ်ရှားခြင်း၊ ဖြိုဖျက်ခြင်း၊ စနစ်ပြောင်းခြင်း၊ အစားထိုးခြင်းများ ပြုလုပ်ဆောင်ရွက်လိုသူပိုင်ရှင် သို့မဟုတ် အခွင့်အမိန့်ရ ကိုယ်စားလှယ် သည် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းထံ ပထမဦးစွာ လျှောက်ထားတင်ပြလျက် လိုအပ်သော ခွင့်ပြုမိန့်ကို ရယူရမည်။

### ၁.၃.၂.၂ ခွင့်ပြုမိန့်လျှောက်ထားခြင်း (Application for Permit)

**လျှောက်ထားခြင်း (Application)** - ခွင့်ပြုမိန့်ရရှိရန် လျှောက်ထားသူသည် ပထမဦးစွာ ဤကိစ္စအလို့ငှာ အဆောက်အအုံဆိုင်ရာ အာဏာပိုင်အဖွဲ့က ပြုစုထားသည့် လျှောက်လွှာပုံစံတွင် ရေးသားဖြည့်သွင်းတင်ပြရမည်။ လျှောက်လွှာတွင် -

(၁) လျှောက်ထားရယူသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လိုသည့်လုပ်ငန်းကို သတ်မှတ်ဖော်ပြရမည်။

(၂) အဆိုပြုသည့် လုပ်ငန်းဆောင်ရွက်မည့်မြေနှင့် စပ်လျဉ်း၍ ဥပဒေကြောင်းအရ ဖော်ပြချက်များ၊ လမ်းအမည်၊ လိပ်စာ၊ အဆိုပြုအဆောက်အအုံနှင့် လုပ်ငန်းတည်နေရာကို တိကျစွာ သတ်မှတ်ဖော်ပြနိုင်မည့် အခြားအလားတူဖော်ပြချက်များ ထည့်သွင်းဖော်ပြရမည်။

(၃) အဆိုပြုလုပ်ငန်းတွင် ရည်ရွယ်ထားသည့် အသုံးချမှုနှင့် ဝင်ရောက်နေထိုင်မှုပုံစံကို ဖော်ညွှန်းပြသရမည်။

(၄) ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့် အတူတကွ လိုအပ်ချက်များ တင်ပြခြင်းအခန်းပါ လိုအပ်သည့် သတင်းအချက်အလက်များကိုပါ ပူးတွဲတင်ပြရမည်။

(၅) လျှောက်လွှာတွင် လျှောက်ထားသူ သို့မဟုတ် လျှောက်ထားသူ၏ အခွင့်အမိန့်ရ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

(၆) အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းကလိုအပ်သည့် သတင်းအချက်အလက်များကိုလည်း ပေးအပ်ရမည်။

**လျှောက်ထားခြင်းအပေါ်အရေးယူဆောင်ရွက်ခြင်း (Action on application)** - အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် ခွင့်ပြုမိန့်အတွက် လျှောက်ထားသည့် လျှောက်လွှာများ သို့မဟုတ် ပြင်ဆင်ပြီး ပြန်လည်တင်ပြလာသည့် လျှောက်လွှာများကို တင်သွင်းပြီးချိန်နောက်ပိုင်းသင့်လျော်သည့်အချိန်အတွင်း စစ်ဆေးစိစစ်ရမည် သို့မဟုတ် စစ်ဆေးစိစစ်စေရမည်။ လျှောက်လွှာ သို့မဟုတ် ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများသည် သက်ဆိုင်သည့်ဥပဒေများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် လျှောက်လွှာကိုပယ်ကြောင်း အကျိုးအကြောင်းဖော်ပြလျက် ရေးသားပယ်ချရမည်။ အဆိုပြုသည့်လုပ်ငန်းမှာ ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များ၊ အခြားတည်ဆဲဥပဒေများ၊ အမိန့်များနှင့်ကိုက်ညီမှုရှိကြောင်း ကျေနပ်လက်ခံပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် လက်တွေ့ဆောင်ရွက်နိုင်သမျှ မြန်မြန် ခွင့်ပြုမိန့်ကို ထုတ်ပေးရမည်။

**လျှောက်ထားမှု၏ အချိန်အကန့်အသတ် (Time limitation of application)** - ခွင့်ပြုမိန့်လျှောက်ထားခြင်းကို ခွင့်ပြု မပြုကို လျှောက်ထားသူအား လျှောက်လွှာလက်ခံရရှိသည့်နေ့မှ နှစ်လအတွင်း အကြောင်းကြားရမည်။ လျှောက်လွှာတွင် လိုအပ်ချက်များရှိပါက လာရောက်

ဖြည့်စွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကြောင်းကြားသည့်နေ့မှ စတင် ရေတွက်ပါက သုံးလပြည့်သည့်နေ့ရက်ထိ လာရောက်ဖြည့်စွက်တင်ပြခြင်းမရှိပါက လျှောက် ထားမှုကို ပယ်ဖျက်နိုင်သည်။

**ခွင့်ပြုမိန့်ရယူခြင်းမှ ကင်းလွတ်ခွင့်ရှိသောလုပ်ငန်း (Work exempt from permit)** ဤလမ်းညွှန်ချက်လိုအပ်ချက်များအရ ခွင့်ပြုမိန့်ရယူခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်းသည် ဤ လမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များ သို့မဟုတ် အခြားဥပဒေများ၊ အမိန့်များပါ ပြဋ္ဌာန်းချက်များ ကို လိုက်နာရန်မလိုအပ်သည့် အခွင့်အာဏာပေးခြင်းမဟုတ်ပါ။ ခွင့်ပြုမိန့်သည် အောက်ဖော်ပြပါ အခြေအနေများတွင် လိုအပ်ခြင်း မရှိစေရပါ -

**အဆောက်အအုံ (Building) -**

- ကိရိယာတန်ဆာပလာများနှင့် ပစ္စည်းသိုလှောင်ရုံ၊ ကဇာတ်ရုံ/ ကလေးကစားအိမ်နှင့် အလားတူအသုံးပြုသည့်ပုံစံမျိုး ဖွဲ့စည်းတည်ဆောက်သည့် တစ်ထပ် အဆောက်အအုံ၊ ကြမ်းခင်းဧရိယာ ၁၂၀ စတုရန်းပေ (၁၁ စတုရန်းမီတာ) ထက် မပိုစေရ၊
- ရေနံစင် (Oil derricks)၊
- ကပ်လျက်ညှိထားသော မြေပြင်အထက် ၃ ပေထက်မပိုဘဲ အဆောက်အအုံ မြေအောက်အထပ်ကို မကျော်စေသော အများအသုံးပြုခွင့်ရသော လမ်း၏ အစိတ် အပိုင်းတစ်ခု မဟုတ်သည့် လူသွားစင်္ကြံနှင့် ခြံတွင်းကိုယ်ပိုင်လမ်း၊
- ဆေးသုတ်ခြင်း၊ နံရံစက္ကူကပ်ခြင်း၊ ကောဇောခင်းခြင်း၊ နံရံကပ်ဗီရိုများရိုက်ခြင်း၊ ကောင်တာစားပွဲများထားရှိ တပ်ဆင်ခြင်းနှင့် အလားတူ အတွင်းခန်း အချောကိုင် အလှဆင်လုပ်ငန်းများ၊
- ဤလမ်းညွှန်ချက် အပိုင်း (၂) တွင် အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်ထားသော ယာယီ တည်ဆောက်မှုများ၊
- အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် တည်ဆောက်သည့် ရေကူးကန် အစိတ်အပိုင်း များကို Group R-3 (ဇုန်သတ်မှတ်ခြင်းတွင်ကြည့်ပါ) သို့ အနက် ၂၄ လက်မထက် မကျော်၊ ရေဂါလံ (၅၀၀၀) ထက်မပိုဘဲ လုံးလုံးလျားလျား မြေပေါ်တွင် တပ်ဆင် တည်ဆောက်ခြင်း၊
- ဝန်ဆောင်မှုစနစ်မပါသော ပျိုးခင်း သို့မဟုတ် စိုက်ပျိုးရေးအတွက် ရည်ရွယ်သော အဝတ်စဖြင့် အုပ်ထားသည့် အဆောက်အအုံ၊
- မိသားစုတစ်စု သို့မဟုတ် နှစ်စုနေထိုင်သော အဆောက်အအုံတွင် တပ်ဆင်မည့် ဒန်းများနှင့် အခြားကစားကွင်းသုံး ပစ္စည်းကိရိယာများ၊

- အသေတပ်ဆင်ထားခြင်းမရှိသည့် အမြင့် ၅ ပေ ၉ လက်မထက် မကျော်လွန်သည့် ရွှေ့ပြောင်းသယ်ယူနိုင်သော အိမ်အသုံးအဆောင်အရံပစ္စည်းများ၊ သေတ္တာများ/ ပုံးများ၊ စင်များ၊ ကောင်တာများနှင့် အခန်းကန့်နံရံများ။

**လျှပ်စစ်ပစ္စည်းများပြုပြင်ခြင်းနှင့်ထိန်းသိမ်းခြင်း (Electrical Repairs and maintenance)**

- မီးသီးလဲလှယ်ခြင်း သို့မဟုတ် အပေါ့စားလျှပ်စစ်ပစ္စည်းများမှ အမြဲတမ်းတပ်ဆင်အသုံးပြုသော အဆို့ခံများသွယ်တန်းခြင်း အပါအဝင် အသေးစားပြင်ဆင်မှုလုပ်ငန်း၊

**ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုဌာန (Radio and television transmitting stations)**

- ဤကဏ္ဍနှင့်သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ရေဒီယို၊ တယ်လီဖုန်း၊ ကြေးနန်း၊ ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် သက်ဆိုင်သော အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

**ယာယီစမ်းသပ်ခြင်းစနစ် (Temporary testing systems)**

- လျှပ်စစ်ပစ္စည်းကိရိယာများ သို့မဟုတ် ကိရိယာတန်ဆာပလာများ စမ်းသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းအတွက်လိုအပ်သော ယာယီစနစ်များ တပ်ဆင်ခြင်းအတွက် ခွင့်ပြုမိန့်မလိုအပ်ပါ။

**ဓာတ်ငွေ့ (Gas)**

(၁) အပေါ့စား အပူပေးကိရိယာများ၊

(၂) ခွင့်ပြုကိရိယာကို ပြောင်းလဲခြင်းမရှိစေဘဲ သို့မဟုတ် ထိုကိရိယာ၏ ဘေးကင်း လုံခြုံမှုကို မထိခိုက်စေဘဲ အသေးစား အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ခြင်း၊

**စက်မှုဆိုင်ရာပစ္စည်း (Mechanical)**

(၁) အပေါ့စားအပူပေးကိရိယာများ၊

(၂) အပေါ့စားလေဝင်လေထွက် ပြုလုပ်ပေးသောကိရိယာများ၊

(၃) အပေါ့စားအအေးပေးစနစ်၊

(၄) ဤလမ်းညွှန်ချက်ဖြင့် စည်းကမ်းသတ်မှတ်ထားသော အပူပေး သို့မဟုတ် အအေးပေး ကိရိယာများအတွင်းရှိ ရေနွေးငွေ့၊ ရေပူ သို့မဟုတ် ရေအေးပိုက်လိုင်းများ၊

(၅) သဘောတူခွင့်ပြုချက်ကို ပြောင်းလဲခြင်းမရှိ သို့မဟုတ် ဘေးကင်းလုံခြုံမှုကို ထိခိုက်မှုမရှိစေသော ယင်းကိရိယာ အစိတ်အပိုင်းများ အစားထိုးလဲလှယ်မှု၊

(၆) အပေါ့စားအငွေ့ပြန် အအေးပေးကိရိယာ၊

(၇) အအေးပေးပစ္စည်း ၁၀ပေါင် (၅ကီလိုဂရမ်) နှင့်အောက်၊ မော်တာမြင်းကောင်ရေ တစ်ကောင်အား (၇၄၆ ဝပ်) နှင့်အောက်အသုံးပြုသော ကိုယ်ပိုင်အအေးပေးစနစ်၊

**ရေစုပ်ပိုက်သွယ်ခြင်း (Plumbing)**

(၁) မြောင်း၊ ရေ၊ မြေလွှာ၊ စွန့်ပစ်နှင့် လေပိုက်တို့ စိမ့်ယိုခြင်းမှ ရပ်အောင် ဆောင်ရွက်ခြင်း၊ သို့သော်လည်း ဖုံးကွယ်ထားသောရေပိုက်၊ ရေနုတ်မြောင်း၊ ရေ၊ မြေလွှာ၊ စွန့်ပစ် နှင့် လေပိုက်တို့ ချွတ်ယွင်းပြီး ဖယ်ရှားခြင်းနှင့် အစားထိုးခြင်းပြုရန် လိုအပ်သဖြင့် ပစ္စည်းအသစ်များဖြင့် လဲလှယ်အစားထိုးရန်ရှိပါက ထိုလုပ်ငန်းကို လုပ်ငန်းသစ်ဟု မှတ်ယူရမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရယူရမည်ဖြစ်ကာ စစ်ဆေးခြင်းကို ဤလမ်းညွှန်ချက်တွင် ပြဋ္ဌာန်းသည့်အတိုင်း ပြုလုပ်ရမည်။

(၂) ပိုက်များ၊ ဗားများ၊ ရေတိုင်ကီများတွင် ပိတ်ဆို့ခြင်းများကို ရှင်းလင်းခြင်းနှင့် ယိုစိမ့်ခြင်းများကို ပြုပြင်ခြင်း၊ ရေအိမ်များကို ဖယ်ရှားခြင်းနှင့် ပြန်လည်တပ်ဆင်ခြင်း၊ သို့သော်ထိုပြုပြင်ခြင်းသည်ဗားများ၊ ပိုက်များနှင့် ရေတိုင်ကီစသည်တို့ကို အစားထိုးလဲလှယ်ခြင်း၊ သို့မဟုတ် ပြန်လည်စီစဉ်ဆောင်ရွက်ခြင်းများ မဖြစ်စေရပါ။

**အရေးပေါ်ပြုပြင်ခြင်းများ (Emergency repairs) -** ပစ္စည်းကိရိယာများ လဲလှယ်ခြင်းနှင့် ပြုပြင်ခြင်းကို အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရပါက ခွင့်ပြုမိန့်လျှောက်လွှာကို နောက်နေ့ရုံးဖွင့်ရက်တွင် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသို့ တင်ပြရမည်။

**ပြုပြင်ခြင်းများ (Repairs) -** အဆောက်အအုံများ သာမန်ပြင်ဆင်ခြင်း၊ မီးသီးလဲလှယ်ခြင်း သို့မဟုတ် အပေါ့စားလျှပ်စစ်ပစ္စည်းများမှ အမြဲတမ်း တပ်ဆင်အသုံးပြုသော အဆို့ခံများ သွယ်တန်းခြင်းတို့အတွက် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသို့ လျှောက်ထားရန် သို့မဟုတ် အကြောင်းကြားရန် မလိုအပ်ပါ။ ထိုကဲ့သို့ ပြုပြင်ခြင်းတွင် နံရံနှင့် အခန်းကန့်နံရံတို့ကို ဖြတ်တောက်ခြင်းနှင့် ဖယ်ရှားခြင်း၊ အဆောက်အအုံရက်မ သို့မဟုတ် ဝန်ကိုထမ်းထားသော ထောက်တိုင်တို့ကိုဖယ်ရှားခြင်း သို့မဟုတ် ဖြတ်တောက်ခြင်း၊ ထားရှိရန်လိုအပ်သော မည်သည့်ဝင်ထွက်ပေါက်ကို မဆိုဖယ်ရှားခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ဝင်ထွက်ပေါက်အတွက် လိုအပ်ချက်ကို ထိခိုက်စေမည့် အဆောက်အအုံ အစိတ်အပိုင်းများ ပြန်လည်ပြင်ဆင်စီစဉ် မွမ်းမံခြင်းတို့ပါဝင်ခြင်းမရှိစေရ။ သာမန်ပြင်ဆင်ခြင်းတွင် မတ်ရပ်ပိုက်များ၊ ရေသွယ်ပိုက်များ၊ အညစ်အကြေးရေဆိုးစွန့်ထုတ်ပိုက်များ၊ ရေနုတ်မြောင်းများ၊ ရေနုတ်မြောင်းမကြီး၊ ဓာတ်ငွေ့၊ မြေဆီလွှာ၊ အညစ်အကြေးစွန့်ပစ်ပစ္စည်း၊ ရေပိုက်နှင့် အခြားအလားတူ ပိုက်လိုင်းများ၊ လျှပ်စစ်သွယ်တန်းခြင်းသို့မဟုတ် အခြားစက်ပိုင်းဆိုင်ရာပစ္စည်းများ သို့မဟုတ် အများပြည်သူကျန်းမာရေးနှင့် လုံခြုံမှုထိခိုက်စေသည့် အခြားလုပ်ငန်းများအတွက် ထပ်မံတိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်းနှင့် ပြန်လည်နေရာချခြင်းတို့ ပါဝင်ခြင်းမရှိစေရ။

**အများပြည်သူဝန်ဆောင်မှုအဖွဲ့အစည်းများ (Public service agencies) -** အများပြည်သူဝန်ဆောင်မှုအဖွဲ့အစည်းများ၏ တည်ရှိပြီး အခွင့်အရေးများအရ ၎င်းတို့၏ ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှုအောက်ရှိထုတ်လုပ်ခြင်း၊ ထုတ်လွှင့်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တိုင်းတာခြင်း သို့မဟုတ်

အခြားသက်ဆိုင်သည့် ကိရိယာတန်ဆာပလာများ တပ်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့အတွက် ခွင့်ပြုမိန့်မလိုအပ်ပါ။

**၁.၃.၂.၃ လိုအပ်ချက်များတင်ပြခြင်း (Submission Requirements)**

**တင်သွင်းရမည့် စာရွက်စာတမ်းအထောက်အထားများ (Submittal documents) -** ခွင့်ပြုမိန့် လျှောက်ထားခြင်းတိုင်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အထူး စစ်ဆေးခြင်းတွေ့ရှိချက်များနှင့် အခြားအချက်များကို တစ်စုံ သို့မဟုတ် တစ်စုံထက်ပို၍ တင်ပြရမည်။ တည်ဆောက်မည့် စီမံကိန်းအတွက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက် စာတမ်းများကို စီရင်ခွင့်ရှိ ပြဋ္ဌာန်းဥပဒေ လိုအပ်ချက်အတိုင်း သက်ဆိုင်ရာကောင်စီဥပဒေ နှင့်အညီ မှတ်ပုံတင်ထားသော ဒီဇိုင်းပညာရှင်က ပြင်ဆင်ပြုစုပေးရမည်။ အထူးအခြေအနေ ပေါ်ပေါက်ပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် ထပ်မံလိုအပ်သည့် ဆောက် လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို မှတ်ပုံတင်ဒီဇိုင်းပညာရှင်က ပြုစုပေးရန် တောင်းဆိုပိုင်ခွင့်ရှိပါသည်။

**ခြွင်းချက် (Exceptions) -** ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများသည် ဤလမ်းညွှန်ချက်နှင့်ကိုက်ညီကြောင်း ပြသရန်မလိုအပ်သည့် လုပ်ငန်းသဘော သဘာဝမျိုး ဖြစ်ကြောင်းတွေ့ရှိရပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့် အခြားအချက်များကို မှတ်ပုံတင်ဒီဇိုင်းပညာရှင်ဖြင့် ပြင်ဆင်ပြုစုစေခြင်းမှ ကင်းလွတ်ခွင့်ပြုစေနိုင်သည်။

**ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများနှင့်စပ်လျဉ်းသည့် သတင်းအချက် အလက် (Information on construction documents) -** ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို သင့်လျော်သောပစ္စည်းများဖြင့် တိုင်းတာရေးဆွဲရမည်။ အဆောက် အအုံဆိုင်ရာ အရာရှိဝန်ထမ်းအတွက် အီလက်ထရောနစ်စနစ်ဖြင့် ပြုစုထားသော စာရွက် စာတမ်းများ လိုအပ်နိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများတွင် အဆိုပြုလုပ်ငန်း၏ တည်နေရာ၊ သဘောသဘာဝနှင့် အတိုင်းအတာတို့ကို ဖော်ပြရန်လိုအပ် ပြီး အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ဆုံးဖြတ်သည့်အတိုင်း ဤလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်သည့်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ စသည်တို့နှင့် ကိုက်ညီမှုရှိကြောင်း အသေးစိတ်အချက်များဖော်ပြရမည်။

**မီးဘေးလုံခြုံရေးစနစ် (Fire Safety system) -** အဆောက်အအုံများ၏ မီးဘေးလုံခြုံရေး စနစ်များနှင့် စပ်လျဉ်းသည့် လိုအပ်ချက်များသည် ဤလမ်းညွှန်ချက်၏ သက်ဆိုင်ရာအပိုင်း အရ ကျင့်သုံးဆောင်ရွက်ရမည်။ (အပိုင်း ၅ (စ) မီးဘေးလုံခြုံရေး စနစ်များနှင့် အရေးပေါ် လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများတွင် ကြည့်ပါ)

**လွတ်မြောက်ရေးဆိုင်ရာနည်းလမ်းများ (Means of egress)** - ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများတွင် ဤလမ်းညွှန်ချက်၏ သက်ဆိုင်ရာအပိုင်း (အပိုင်း ၂ ကို ကြည့်ပါ)နှင့်အညီ လိုက်နာလျက် ဝင်ပေါက်ထွက်ပေါက်များ၏ နည်းလမ်းသဘာဝ၊ တည်နေရာ၊ တည်ဆောက်ပုံနှင့် အရွယ်အစားတို့ကို အသေးစိတ်လုံလုံလောက်လောက် ဖော်ပြရမည်။

**အပြင်နံရံနှင့် နယ်စပ်မျဉ်း (Exterior wall envelope and boundary line)** - အဆောက်အအုံအားလုံးအတွက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများတွင် အပြင်နံရံ၊ ဆုတ်ဆိုင်းမျဉ်းနှင့် နယ်စပ်မျဉ်းတို့ကို ဤလမ်းညွှန်ချက်နှင့် ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်နိုင်ရန် အသေးစိတ်ထည့်သွင်းဖော်ပြရမည်။

**လုပ်ငန်းခွင်နေရာချထားမှုပုံစံ (Site plan)** - ခွင့်ပြုမိန့်အတွက် လျှောက်ထားသည့် လျှောက်လွှာနှင့်အတူ တင်ပြသော ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများတွင် အသစ်ဆောက်လုပ်မည့်လုပ်ငန်းနှင့် လုပ်ငန်းခွင်တွင် တည်ရှိပြီးဖြစ်သော အဆောက်အအုံများ၏ အတိုင်းအတာပမာဏနှင့် တည်နေရာတို့ကို ဖော်ပြသော နယ်မြေသတ်မှတ်သည့် မြေပုံနှင့် လုပ်ငန်းခွင်နေရာချထားမှုပုံစံတို့ ပူးတွဲပါရှိရမည်။ အဆောက်အဦများ၏ နယ်နိမိတ်မျဉ်းမှ အကွာအဝေးများ၊ တည်ရှိပြီးလမ်း၏ မျက်နှာပြင်အမြင့်၊ စီမံကိန်းပြီးစီးပြီးနောက် ရရှိမည့် လမ်း၏ မျက်နှာပြင်အမြင့်၊ ရေကြီးရေလျှံလေ့ရှိသော ဧရိယာများ၊ ရေစီးကြောင်းလားရာများ၊ ဒီဇိုင်းပြုလုပ်ရာတွင်ထည့်သွင်း တွက်ချက်ရမည့် ရေအနက်တို့ကို တိကျသော နယ်စပ်မျဉ်းတိုင်းတာချက်နှင့် ကိုက်ညီအောင် ရေးဆွဲရမည်။ ဖြိုဖျက်ချရမည့် အခြေအနေဖြစ်ပါက လုပ်ငန်းခွင် သို့မဟုတ် မြေကွက်ပေါ်တွင် ကျန်ရှိမည့် အဆောက်အအုံ၊ တည်ရှိပြီး အဆောက်အအုံများ၏ တည်နေရာနှင့် အရွယ်အစား၊ ဖြိုဖျက်ချရမည့် အစိတ်အပိုင်းတို့ကို လုပ်ငန်းခွင်နေရာချထားမှု ပုံစံတွင် ဖော်ပြရမည်။ ခွင့်ပြုမိန့်အတွက် လျှောက်လွှာသည် အသွင်ပြောင်းလဲရန် သို့မဟုတ် ပြင်ဆင်ရန် သို့မဟုတ် တစ်နည်းအားဖြင့် ခိုင်လုံသော အကြောင်းဖြစ်ပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် လုပ်ငန်းခွင်နေရာချထားမှု ပုံစံအတွက် လိုအပ်ချက်များကို လျှော့ပေါ့ပေးခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း ပြုပိုင်ခွင့်ရှိသည်။

**စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေးခြင်း (Examination of documents)** - အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် ပူးတွဲပါရှိသော ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို ကြည့်ရှုစစ်ဆေး သို့မဟုတ် ကြည့်ရှုစစ်ဆေးစေရမည်။ ထိုသို့ ကြည့်ရှုစစ်ဆေးခြင်းပြုရာတွင် ရည်ညွှန်းဖော်ပြသည့် ဆောက်လုပ်ရေးလုပ်ငန်းသည် ဤလမ်းညွှန်ချက် သို့မဟုတ် အခြားတည်ဆဲဥပဒေများပါ လိုအပ်ချက်များနှင့် ကိုက်ညီကြောင်း သေချာစေရန် ကြည့်ရှုစစ်ဆေးရမည်။

**ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို သဘောတူအတည်ပြုခြင်း (Approval of construction documents)** - အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ခွင့်ပြုမိန့်

ထုတ်ပေးသည့်အခါတွင် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို စာဖြင့် ရေးသား၍လည်းကောင်း "လမ်းညွှန်ချက်နှင့်ကိုက်ညီကြောင်းစိစစ်ပြီး" ဆိုသည့် တံဆိပ်ရိုက်နှိပ်၍လည်းကောင်း သဘောတူအတည်ပြုရမည်။ ထိုသို့ စိစစ်ပြီးသည့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းလိုအပ်သည့် အစုံလိုက်များကို အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ထိန်းသိမ်းထားရမည်။ ကျန်စာရွက်စာတမ်းအစုံများကို လျှောက်ထားသူသို့ ပြန်လည်ပေးအပ်ရမည် ဖြစ်ပြီးလိုအပ်ပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်း သို့မဟုတ် အခွင့်ရကိုယ်စားလှယ်က ကြည့်ရှုစစ်ဆေးနိုင်ရန် လုပ်ငန်းခွင်တွင် ထိန်းသိမ်းထားရှိရမည်။

**ယခင်သဘောတူ အတည်ပြုချက်များ (Previous approvals)** - ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုမိန့်ကို ယခင်ထုတ်ပေးပြီးဖြစ်ခြင်း သို့မဟုတ် အခြားနည်းဖြင့် လုပ်ပိုင်ခွင့်ပေးပြီးဖြစ်ခြင်းတို့ကြောင့် ခွင့်ပြုမိန့်အရဆောင်ရွက်သော ဆောက်လုပ်ရေးလုပ်ငန်းသည် ဤလမ်းညွှန်ချက်အာဏာသက်ရောက်ပြီးသည့်နေ့နောက်ပိုင်း ရက်ပေါင်း ၁၈၀ အတွင်း သဘောရိုးဖြင့်ဆောင်ရွက်ခြင်းနှင့် ရပ်ဆိုင်းမှုမရှိခြင်းတို့ကြောင့် ဤလမ်းညွှန်ချက်သည် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာစာရွက်စာတမ်းများ၊ အဆောက်အအုံတွင် နေရာယူနေထိုင်ရန် ခွင့်ပြုချက်များကို ပြောင်းလဲခွင့်မရှိပါ။

**အဆင့်အလိုက်အတည်ပြုချက်** (**Phased approval)** - အဆောက်အအုံတစ်ခုလုံး သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံတစ်ခုလုံးအတွက် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ တင်ပြခြင်းမပြုမီ ဤလမ်းညွှန်ချက်လိုအပ်ချက်များနှင့်အညီ အသေးစိတ်ဖော်ပြချက်များနှင့် လုံလောက်သော သတင်းအချက်အလက်များကိုတင်ပြပါက အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် အဆောက်အအုံ၏ အုတ်မြစ်လုပ်ငန်းများ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံတစ်ရပ်ရပ် ဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးပိုင်ခွင့်ရှိသည်။ အုတ်မြစ်လုပ်ငန်း သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်းတစ်ရပ်ရပ် သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံ တစ်ရပ်ရပ်အတွက် အဆိုပါခွင့်ပြုမိန့်ကို ကိုင်ဆောင်သူသည် အဆောက်အအုံတစ်ခုလုံးအတွက် ခွင့်ပြုပေးသော ခွင့်ပြုမိန့်မရရှိသေးဘဲ လုပ်ငန်းဆောင်ရွက်ခြင်းကို ၎င်းကိုယ်တိုင် တာဝန်ယူရမည်ဖြစ်သည်။

**၁.၃.၂.၄ အခကြေးငွေများ (Fees)**

**အခကြေးငွေပေးသွင်းခြင်း (Payment of fees)** - ဥပဒေအရပေးသွင်းရမည့် အခကြေးငွေမပေးသွင်းရသေးလျှင် သို့မဟုတ် ပြင်ဆင်ချက်အတိုင်း ပေးသွင်းရခြင်းမရှိသေးလျှင် ခွင့်ပြုမိန့်သည် ဥပဒေအရ တရားဝင်ခြင်းမရှိစေရ။

**ဇယားပါအရ ပေးသွင်းရန်အခကြေးငွေ (Schedule of permit fees)** - အဆောက်အအုံများဆောက်လုပ်ခြင်း၊ အခြားတည်ဆောက်ခြင်းများ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ စက်မှုဆိုင်ရာနှင့် ရေပိုက်ဆက်သွယ်မှုစနစ်စသည်တို့နှင့်စပ်လျဉ်း၍ လိုအပ်သည့်ခွင့်ပြုမိန့်တစ်ခုစီတိုင်းအတွက်

သက်ဆိုင်ရာတာဝန်ရှိသူအာဏာပိုင်အဖွဲ့က သတ်မှတ်ထားသည့် ဇယားတွင်ပါရှိသည့်အတိုင်း ပေးသွင်းရမည်။

**အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တန်ဖိုးများ (Building permits valuations) -** ခွင့်ပြုမိန့် လျှောက်ထားသူသည် လျှောက်ထားချိန်တွင် ခွင့်ပြုမိန့်တန်ဖိုးကို ပေးသွင်းရမည်။ လျှောက်ထားချိန်တွင် ခွင့်ပြုမိန့်တန်ဖိုးကို လျှော့ပေါ့တွက်ချက်ထားလျှင်လည်းကောင်း၊ အဆောက်အအုံဆိုင်ရာအရာရှိဝန်ထမ်းက ကျေနပ်သဘောတူလောက်အောင် ခန့်မှန်းတွက်ချက်မှု အသေးစိတ်များကို တင်ပြနိုင်ခြင်းမရှိလျှင် ခွင့်ပြုမိန့်ထုတ်မပေးဘဲ ငြင်းပယ်နိုင်သည်။ အဆောက်အအုံအတွက် ဆောက်လုပ်ရန်နောက်ဆုံးအပြီးသတ် ဆောက်လုပ်ခွင့်ပြုမိန့်တန်ဖိုးကို အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက တွက်ချက်သတ်မှတ်ရမည်။

**ခွင့်ပြုမိန့်မထုတ်ပေးမီ လုပ်ငန်းစတင်ခြင်း (Work commencing before permit issuance) -** အဆောက်အအုံ၊ အခြားတည်ဆောက်ခြင်း၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ စက်မှုဆိုင်ရာ သို့မဟုတ် ရေပိုက်ဆက်သွယ်မှုစနစ်တို့နှင့် စပ်လျဉ်း၍ လိုအပ်သောခွင့်ပြုမိန့်မရရှိသေးဘဲ လုပ်ငန်းစတင် ဆောင်ရွက်သူသည် လိုအပ်သောခွင့်ပြုမိန့် အခကြေးငွေအပြင် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက သတ်မှတ်သော အခကြေးငွေကို ထပ်မံပေးသွင်းရမည်။

**ဆက်စပ်အခကြေးငွေ (Related fees) -** ဆောက်လုပ်ခွင့်ပြုမိန့်ရရှိပြီးသည့် ဆောက်လုပ်ခြင်းလုပ်ငန်း၊ အသွင်ပြောင်းခြင်းလုပ်ငန်း၊ ဖယ်ရှားခြင်း သို့မဟုတ် ဖြိုဖျက်ခြင်းတို့နှင့် စပ်လျဉ်းသည့် အခကြေးငွေပေးဆောင်ခြင်းသည် ဥပဒေတွင် ပြဋ္ဌာန်းသည့်အတိုင်း အခြားအခကြေးငွေများ ပေးဆောင်ခြင်းမှ ခွင့်ပြုမိန့် လျှောက်ထားသူ သို့မဟုတ် ကိုင်ဆောင်သူအား သက်သာခွင့်မပေးပါ။

**ပြန်အမ်းခြင်း (Refunds) -** အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းအား ငွေပြန်အမ်းရန် မူဝါဒနှင့် စပ်လျဉ်း၍ အခွင့်အပ်နှင်းထားပါသည်။

**၁.၃.၂.၅ အတည်ပြုချက်နှင့် ပြင်ဆင်ခြင်းတို့အတွက် ဆုံးဖြတ်ချက် (Decision for Approval and Revision) -** အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်လျှောက်ထားသည့် လျှောက်လွှာများကိုလည်းကောင်း၊ ပြင်ဆင်ပြီးတင်ပြသည့် လျှောက်ထားလွှာများကိုလည်းကောင်း တင်ပြလာသည့်အချိန်မှ သင့်လျော်သောကာလအတွင်း ကြည့်ရှုစစ်ဆေးစိစစ်ရမည်။ အဆိုပြုလုပ်ငန်းသည် ဤလမ်းညွှန်ချက်ပါ လိုအပ်ချက်များနှင့် ကိုက်ညီကြောင်း၊ အဆောက်အအုံဖွဲ့စည်းတည်ဆောက်ပုံ၊ ဘေးကင်းလုံခြုံမှု၊ အများပြည်သူအသုံးအဆောင် ဝန်ဆောင်မှု လိုအပ်ချက်များ လိုက်နာဆောင်ရွက်ထားကြောင်းစသည်ဖြင့် ကျေနပ်ပါက အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်ကို သင့်လျော်သော ကာလအတွင်း ထုတ်ပေးရမည်။ ထိုလိုအပ်ချက်များနှင့် ကိုက်ညီမှုမရှိပါက အာဏာပိုင်အဖွဲ့သည် အကျိုးအကြောင်းဖော်ပြလျက် စာဖြင့်ရေးသားကာ ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ရမည်။ လျှောက်ထားသူသည် အာဏာပိုင်အဖွဲ့က ဖော်ပြသော အကြောင်းပြချက်ကို အခြေပြုပြင်ဆင်ကာ ပြန်လည်လျှောက်ထားပိုင်ခွင့်ရှိသည်။

**၁.၃.၂.၆ ဆိုင်းငံ့ခြင်းနှင့် ရုပ်သိမ်းခြင်း (Suspension and Revocation) -** ခွင့်ပြုမိန့်ကို မှားယွင်းထုတ်ပေးခြင်း၊ မမှန်ကန်သောအချက်အလက်များ၊ မတိကျသော/ ပြည့်စုံမှုမရှိသော သတင်းအချက်အလက်များအပေါ် အခြေပြုထုတ်ပေးခြင်း၊ စည်းမျဉ်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း သို့မဟုတ် ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်း၊ လုပ်ငန်း ဆောင်ရွက်မှုများသည် အခြားစီမံကိန်းလုပ်ငန်း၏ ဧရိယာအတွင်းကျရောက်နေခြင်းများ ကြောင့် အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။ သို့သော်လည်း အာဏာပိုင်အဖွဲ့သည် ထိုသို့ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းအတွက် အကြောင်းပြ ချက်ကို လျှောက်ထားသူသို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

**၁.၃.၂.၇ ခွင့်ပြုမိန့်နှင့် အမှတ်အသား လက္ခဏာများထားရှိစေခြင်း (Placement of Permit & Signage) -** အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် သို့မဟုတ် မိတ္တူကို အောက်ဖော်ပြပါ စာရွက် စာတမ်းများနှင့်အတူ လုပ်ငန်းခွင်တွင် စီမံကိန်းပြီးဆုံးသည်အထိ ထားရှိရမည်-

- အုတ်မြစ်ပုံစံများ၊ အဆောက်အအုံရှေ့နောက် ဘေးဘက်မြင်ပုံများ၊ ဖြတ်ပိုင်းပုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းအတွက်လိုအပ်သည့်ပုံထုတ်ပုံစံများနှင့် အခြားအသေးစိတ်များ၊
- စက်မှုပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပုံစံများ၊ ဝန်ဆောင်လုပ်ငန်းဆိုင်ရာဒီဇိုင်းပုံစံများ၊
- စိုက်ထူထားသော ဆိုင်းဘုတ်အမှတ်လက္ခဏာစုများသည် အာဏာပိုင်အဖွဲ့က ဖော်ပြ ထားသည့်အတိုင်း ပုံစံတူရမည်ဖြစ်ပြီး အကြံပေးပုဂ္ဂိုလ်များနှင့် ကုမ္ပဏီများကိုလည်း အောက်ဖော်ပြပါအစီအစဉ်အတိုင်း ညွှန်ပြစိုက်ထူရမည်-
- ပိုင်ရှင်/လုပ်ငန်းဆောင်ရွက်သူနှင့် စီမံကိန်းအမည်၊
- ဗိသုကာ သို့မဟုတ် ဗိသုကာလုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊
- ပုံထုတ်အင်ဂျင်နီယာ သို့မဟုတ် ပုံထုတ်အင်ဂျင်နီယာ လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီ၊
- အဆောက်အအုံဝန်ဆောင်မှု အကြံပေးပုဂ္ဂိုလ်များ၊
- ကန်ထရိုက်လုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီ/ကုမ္ပဏီများ၊

**ပြောင်းလဲခြင်း/ ပြင်ဆင်ခြင်းအကြောင်းကြားစာ (Alteration/ revision Notice) -** အကြောင်းကြားစာသည် အဆောက်အအုံ အသွင်ပြောင်းလဲခြင်းအတွက်သာဖြစ်ပါက လိုအပ် နိုင်သောပုံစံများနှင့် ဖော်ပြချက်များ အကြောင်းကြားစာနှင့်အတူပါရှိရမည်။

အောက်ဖော်ပြပါ ပြောင်းလဲခြင်းများနှင့် ဤစည်းမျဉ်းပါ ပြဋ္ဌာန်းထားသော အဆောက်အအုံ အတွက် ယေဘုယျလိုအပ်ချက်များ၊ ဖွဲ့စည်းတည်ဆောက်မှုခိုင်ခံ့ရေး၊ သဘာဝဘေးအန္တရာယ် များဖြစ်သော ရေကြီးရေလျှံဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ မီးဘေးနှင့်ကျန်းမာရေး၊ ဘေးကင်း လုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမရှိသော အလားတူကိစ္စရပ် များအတွက် အကြောင်းကြားစာနှင့် အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်ရယူရန် မလိုအပ်ပါ -

(က) ပြတင်းပေါက် သို့မဟုတ် တံခါးမ သို့မဟုတ် လေဝင်ထွက်ပေါက် အဖွင့်အပိတ် ပြုလုပ်ခြင်း
(ခ) အတွင်းခန်းအချင်းချင်း ဆက်သွယ်တံခါးတပ်ဆင်ခြင်း၊
(ဂ) အခန်းကန့်ခြင်း၊
(ဃ) မျက်နှာကျက်တုတပ်ဆင်ခြင်း၊
(င) ဥယျာဉ်တည်ဆောက်ခြင်း၊
(စ) ထုံးဆေးခြင်း၊
(ဆ) အတွင်းခန်းနေရာများ ဆေးသုတ်ခြင်း
(ဇ) ကြွေပြားပြန်ခင်းခြင်း နှင့် အမိုးပြန်မိုးခြင်း
(ဈ) ပလာစတာကိုင်ခြင်း နှင့် အပေါက်ဖာထေးခြင်း
(ည) ကြမ်းခင်းပြန်ခင်းခြင်း၊ နှင့်
(ဋ) မြေကွက်တွင် နေကာအမိုးတပ်ဆင်ခြင်း။

**၁.၃.၂.၈ ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်နေစဉ်သွေဖည်ပြောင်းလဲခြင်း (Deviations during Construction)**

အဆောက်အအုံတစ်ခု ဆောက်လုပ်နေစဉ်အတွင်း ခွင့်ပြုပြီးပုံစံမှ မည်သည့်သွေဖည် ပြောင်းလဲမှုကိုမဆို ပြုလုပ်ရန် ရည်ရွယ်ပါက (၁.၂.၂.၅ ပုံစံနှင့် ညီညွတ်ခြင်းမရှိသော ဆောက်လုပ်ခြင်းကိုကြည့်ပါ) ပြောင်းလဲမှုမပြုမီ အာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ကို ရယူရမည်။ သွေဖည်ပြောင်းလဲမှုကို ဖော်ပြသည့် ပြင်ဆင်ထားသောပုံစံကို တင်ပြရမည်ဖြစ်ပြီး ယင်းကိစ္စများတွင် အချိန်ကန့်သတ်ချက် ရက်ပေါင်း ၃၀ ကန့်သတ်ခြင်းမှလွဲ၍ ပြင်ဆင်ထားသော ပုံစံများအားလုံးတွင် မူလချမှတ်ထားသော လုပ်ငန်းစဉ်အတိုင်း ကျင့်သုံးရမည်။

**၁.၃.၂.၉ ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း (Grant of Permit or Refusal) -** အာဏာပိုင်အဖွဲ့သည် ခွင့်ပြုမိန့်ကို သဘောတူသည်/ ငြင်းပယ်သည်ကို လျှောက်ထားသူသို့ စာဖြင့် အကြောင်းကြားရမည်။ ငြင်းဆိုပါက လုံလောက်သော အကြောင်းပြချက် ခိုင်မာစွာ စာဖြင့် ရေးသားအကြောင်းကြားရမည်။

**၁.၃.၂.၁၀ ပိုင်ရှင်/လုပ်ငန်းဆောင်ရွက်သူ၏ တာဝန်များ (Responsibilities and Duties of Owners/ Developers) -** ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ ပုံစံများနှင့် စံချိန်စံညွှန်းများကို အတည်ပြုခြင်း၊ အဆောက်အအုံတည်ဆောက်နေစဉ်အတွင်း အာဏာပိုင်အဖွဲ့က စစ်ဆေးခြင်းတို့သည် ဤလမ်းညွှန်ချက်အရ လိုအပ်ချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန်ပိုင်ရှင်၏ တာဝန် အပြည့်အဝရှိမှုကို မည်သည့်နည်းဖြင့်မဆို သက်သာရာ ရောက်စေခြင်းမရှိစေရ။

ပိုင်ရှင်တိုင်းသည် -

(က) လမ်းညွှန်ချက်ကို သက်ရောက်စေရန် အလို့ငှာ ခွင့်ပြုမိန့်ထုတ်ပေးထားပြီးသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံဥပစာသို့ အာဏာပိုင်အဖွဲ့အား သင့်လျော်သည့်အချိန်တွင် ဝင်ရောက်ခွင့်ပြုရမည် (ဝင်ရောက်ခွင့်ကိုရည်ညွှန်းသည်)၊

(ခ) လုပ်ငန်းခွင်ကိုပိုင်ဆိုင်ကြောင်း အထောက်အထားစာရွက်စာတမ်းများ တင်ပြရမည်၊

(ဂ) အဆောက်အအုံဆောက်လုပ်ခြင်း၊ ဇုန်သတ်မှတ်ခြင်း၊ အဆင့်သတ်မှတ်ခြင်း၊ မိလ္လာ ပိုက်များ၊ ရေပင်မပိုက်များ၊ ပိုက်သွယ်တန်းခြင်း၊ ဆိုင်းဘုတ်များ၊ ဖောက်ခွဲခြင်း လုပ်ငန်း၊ လမ်းနယ်အားအသုံးပြုခြင်း၊ လျှပ်စစ်လုပ်ငန်း၊ အဝေးပြေးလမ်းတို့နှင့် သက်ဆိုင်သော ခွင့်ပြုမိန့်များ၊ အဆိုပြုလုပ်ငန်းနှင့် ဆက်စပ်သမျှ လိုအပ်သော ခွင့်ပြုမိန့်အားလုံးကို အာဏာပိုင်အဖွဲ့ထံမှ ရယူထားရမည်၊

(ဃ) ဖွဲ့စည်းတည်ဆောက်မှု ခိုင်ခံ့စေရန် လိုအပ်ချက်များနှင့် ကိုက်ညီအောင် လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း လက်မှတ်တင်ပြရမည် (ဖွဲ့စည်းတည် ဆောက်မှုခိုင်ခံ့စေရန် လိုအပ်ချက်များနှင့်ကိုက်ညီအောင် လုပ်ငန်းကို အကောင် အထည်ဖော်ဆောင်ရွက်ကြောင်း လက်မှတ်ပုံစံကိုကြည့်ပါ) နှင့် ခွင့်ပြုမိန့်တွင် ဖော်ပြထားသော လုပ်ငန်းပြီးဆုံးမှုနှင့်သက်ဆိုင်သည့် အကြောင်းကြားစာကို ရေးသား၍ အာဏာပိုင်အဖွဲ့ထံပေးပို့ရမည် (အဆောက်အအုံ ဆောက်လုပ်ပြီးစီး ကြောင်း လျှောက်လွှာပုံစံကိုကြည့်ပါ) ၊

(င) ငှားရမ်းထားသော ပညာရှင်များ၏ ဝန်ဆောင်မှုပေးခြင်း ရပ်စဲသည့်ကိစ္စကို အာဏာ ပိုင်အဖွဲ့ထံ စာဖြင့်ရေးသား အကြောင်းကြားရမည်။

**လုပ်ငန်းခွင်အထောက်အထား စာရွက်စာတမ်းများ (Documents at Site)**

(က) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို လမ်းညွှန်ချက်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် စစ်ဆေးရာတွင် စစ်ဆေးမှုအချက်အလက်များ မှတ်တမ်းကို အဆောက်အဦဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်းနှင့် အာဏာပိုင်အဖွဲ့က လိုအပ်သည်ဟု သတ်မှတ်သည့် ကာလအတွင်း ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် ထိန်းသိမ်းထားရမည်။

(ခ) ခွင့်ပြုမိန့်ထုတ်ပေးခြင်းခံရသူသည် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း ခွင့်ပြုမိန့် ထုတ်ပေးထားသော အဆောက်အအုံ/နေရာတွင် အောက်ပါတို့ကို မြင်သာ သောနေရာ၌ ကပ်ထားရမည်-

(က) အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့် မိတ္တူတစ်စောင်၊

(ခ) အတည်ပြုခွင့်ပြုထားသောပုံစံများနှင့် စံချိန်စံညွှန်းများ၏ မိတ္တူတစ်စောင်စီ၊

**၁.၃.၂.၁၁ အရည်အချင်းပြည့်မီသူ ပုဂ္ဂိုလ်များ၏ တာဝန်ဝတ္တရားများ (Responsibilities and Duties of Qualified Persons) -** ဤလမ်းညွှန်ချက်တွင် ညွှန်းဆိုထားသော ဗိသုကာများ၊

အင်ဂျင်နီယာများ၊ ပုံစံဒီဇိုင်းထုတ်သူ အင်ဂျင်နီယာများ၊ မြေယာရှုခင်းဗိသုကာများ၊ မြို့ပြဒီဇိုင်း ပုံစံထုတ်သူများနှင့် မြို့ပြစီမံကိန်း ရေးဆွဲသူများသည် သက်ဆိုင်ရာကောင်စီ/ အာဏာပိုင်အဖွဲ့ ထံတွင် မှတ်ပုံတင်ရမည်။

ပုံစံများ ပြင်ဆင်ရာတွင်ဖြစ်စေ၊ လက်မှတ်ရေးထိုးရာတွင်ဖြစ်စေ၊ စီမံကိန်းကြီးကြပ်ရာတွင် ဖြစ်စေ ပါဝင်ဆောင်ရွက်သောပညာရှင်ကို အဆောက်အအုံ/ မြေယာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ဆဲ မည်သည့်အဆင့်တွင်မဆို ပြောင်းလဲလျှင် ပညာရှင်သည် စီမံကိန်းတွင် ဆက်လက်ပါဝင် ဆောင်ရွက်ခြင်းမရှိတော့ကြောင်း အာဏာပိုင်အဖွဲ့သို့ စာဖြင့်ရေးသား အကြောင်းကြားရမည်။

**၁.၃.၂.၁၂ ခွင့်ပြုမိန့် တရားဝင်နိုင်မာမှု (Validity of Permit) -** ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ပေးရန် ခွင့်ပြုခြင်းမှာ ဤလမ်းညွှန်ချက်ပါပြဋ္ဌာန်းချက်များ သို့မဟုတ် အခြား စည်းမျဉ်းဥပဒေများ ကိုချိုးဖောက်ရန်ခွင့်ပြုမိန့်ဟု အဓိပ္ပာယ်ကောက်ယူနိုင်မည် မဟုတ်ပါ။ ဤလမ်းညွှန်ချက် သို့မဟုတ် အခြားစည်းမျဉ်းအမိန့်များကို ချိုးဖောက်လွှဲဖယ်ရန် အတွက်မှတ်ယူနိုင်သောခွင့်ပြုမိန့်ပေးခြင်းသည် တရားမဝင်ပျက်ပြယ်သည်။ ဆောက်လုပ်ရေး လုပ်ငန်းဆိုင်ရာစာရွက် စာတမ်းများနှင့် အခြားအချက်အလက်များအပေါ်အခြေပြု၍ ခွင့်ပြု မိန့်ထုတ်ပေးခြင်းသည် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ဆောက်လုပ်ရေးလုပ်ငန်း ဆိုင်ရာ စာရွက်စာတမ်းများနှင့် အခြားအချက်အလက်များမှားယွင်းမှုအတွက် ပြန်လည် ပြင်ဆင်ရန် လိုအပ်သဖြင့်ပြင်ဆင်ခြင်းကို တားမြစ်ခြင်းမရှိပေ။ ဤလမ်းညွှန်ချက်နှင့် အခြား စည်းမျဉ်းဥပဒေများကို ချိုးဖောက်၍ အဆောက်အအုံအတွင်း ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် အဆောက်အအုံအား အသုံးပြုခြင်းကို တားဆီးရန် အဆောက်အအုံဆိုင်ရာ အရာရှိ ဝန်ထမ်းတွင် လုပ်ပိုင်ခွင့်ရှိပါသည်။

**၁.၃.၂.၁၃ သက်တမ်းကုန်ဆုံးခြင်း (Expiration) -** ခွင့်ပြုမိန့်အရ ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းကို ခွင့်ပြုမိန့်ထုတ်ပေးပြီး တစ်နှစ်အတွင်း စတင်ဆောင်ရွက်ခြင်းမရှိလျှင် သို့မဟုတ် လုပ်ငန်းစတင် ဆောင်ရွက်ပြီးနောက် နောက်ပိုင်းတစ်နှစ်ကြာ ဆိုင်းငံ့လျှင် သို့မဟုတ် ပစ်ထား လျှင် ခွင့်ပြုမိန့်သည်တရားမဝင် ပျက်ပြယ်စေရမည်။ အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်း သည် တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုသည့် ကာလအတွက် တစ်ကြိမ် သို့မဟုတ် ထိုထက်ပို၍ စာဖြင့် ရေးသားသက်တမ်းတိုးမြှင့် ခွင့်ပြုပိုင်ခွင့်ရှိသည်။ သက်တမ်းတိုးမြှင့်ရန်အတွက် ခိုင်လုံသော အကြောင်းပြချက် ဖော်ပြရေးသားလျက် တောင်းဆိုရမည်။

**၁.၃.၂.၁၄ အဆောက်အအုံ ဖြိုဖျက်ခြင်း (Building Demolition)-** အဆောက်အအုံကို ဖြိုဖျက်ခြင်းမပြုမီ ပိုင်ရှင်သည် သောက်သုံးရေ၊ လျှပ်စစ်၊ ဓာတ်ငွေ့၊ မိလ္လာရေဆိုးနှင့် အခြား ဆက်စပ်ဝန်ဆောင်မှုများကဲ့သို့ ဝန်ဆောင်မှုဌာနများအားလုံးသို့ အသိပေးအကြောင်းကြား ရမည်။ အဆောက်အအုံဖြိုဖျက်ရန်ခွင့်ပြုမိန့်ကို ဝန်ဆောင်မှုပေးသော ဌာနအသီးသီးက

မီတာများ၊ ထိန်းညှိကိရိယာများကဲ့သို့ စပ်ဆိုင်သည့် ကိရိယာများကို ဖြုတ်သိမ်းဖယ်ရှားခြင်း သို့မဟုတ် ချိပ်ပိတ်သိမ်းဆည်း၊ ပိတ်ဆို့ဖာထေးပြီး ဘေးကင်းလုံခြုံသည့် အခြေအနေမရှိ သေးမချင်း ထုတ်ပေးခြင်းမပြုရ။

**၁.၃.၃ သက်ဆိုင်သည့် ဥပဒေများ (Relevant Laws)**

အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်ကို ဤလမ်းညွှန်ချက်အရလည်းကောင်း၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရက ပြဋ္ဌာန်းရန်ရှိသော မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေး စီမံကိန်းဥပဒေ အရလည်းကောင်း၊ အခြားသက်ဆိုင်သည့် ဥပဒေများအရလည်းကောင်း လိုက်နာကျင့်သုံး ဆောင်ရွက်ရမည်။

ဤလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များသည် ဒေသဆိုင်ရာ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်ထောင်စုဥပဒေတို့ကို ပျက်ပြယ်သည်ဟု မှတ်ယူခြင်းမရှိစေရ။

**၁.၃.၄ ကြည့်ရှုစစ်ဆေးခြင်း (Inspections)**

**၁.၃.၄.၁ အထွေထွေ (General)-** ခွင့်ပြုမိန့်လိုအပ်သော ဆောက်လုပ်ရေး သို့မဟုတ် လုပ်ငန်းများကို အရာရှိဝန်ထမ်းများ (၁.၂.၁.၂ နှင့်အညီ ခန့်အပ်သော) ၏ ကြည့်ရှုစစ်ဆေးခြင်း ကို ခံရမည်ဖြစ်ပြီး ထို ဆောက်လုပ်ရေး သို့မဟုတ် လုပ်ငန်းများကို သဘောတူခွင့်ပြုပြီးသည့် အချိန်ထိ ကြည့်ရှုစစ်ဆေးရန်အလို့ငှာ ဝင်ရောက်ခွင့်ပြုရမည်။ ကြည့်ရှုစစ်ဆေးမှုရလဒ်အဖြစ် သဘောတူအတည်ပြုခြင်းကို ဤလမ်းညွှန်ချက် သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိ စည်းမျဉ်း ဥပဒေများ၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ဆောင်ရွက်ခွင့်ပြုသည်ဟု အနက်အဓိပ္ပာယ် ကောက်ယူခြင်းမရှိစေရ။ ဤလမ်းညွှန်ချက် သို့မဟုတ် အခြားစီရင်ပိုင်ခွင့်ရှိ စည်းမျဉ်းဥပဒေ များပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ရန် သို့မဟုတ် ပယ်ဖျက်ရန် ခွင့်ပြုသည့်သဘော သက်ရောက်သော ကြည့်ရှုစစ်ဆေးခြင်းများသည် တရားမဝင်ပျက်ပြယ်စေရမည်။ လုပ်ငန်း များကို ဝင်ရောက်စစ်ဆေး ကြည့်ရှုခွင့်ရှိရေး ခွင့်ပြုပေးရန်မှာ ခွင့်ပြုမိန့်လျှောက်ထားသူ၏ တာဝန်ဖြစ်သည်။ စစ်ဆေးကြည့်ရှုခွင့်ပြုရာတွင် လိုအပ်သောပစ္စည်းများ ရွှေ့ပြောင်းဖယ်ရှား ခြင်း၊ အစားထိုးလဲလှယ်ရခြင်း ကုန်ကျစရိတ်များအတွက် အဆောက်အအုံဆိုင်ရာ အရာရှိ ဝန်ထမ်း သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသူတွင် တာဝန်မရှိစေရ။

**၁.၃.၄.၂ ပဏာမ ကြည့်ရှုစစ်ဆေးခြင်း (Preliminary Inspection) -** အဆောက်အအုံ ဆိုင်ရာ အရာရှိဝန်ထမ်းသည် ခွင့်ပြုမိန့်မထုတ်ပေးမီ လျှောက်ထားတင်သွင်းထားသည့် အဆောက်အအုံများ၊ အခြားတည်ဆောက်ခြင်းများနှင့် လုပ်ငန်းခွင်များသို့ ကြည့်ရှုစစ်ဆေးရန် သို့မဟုတ် ကြည့်ရှုစစ်ဆေးစေရန် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

**၁.၃.၄.၃ လိုအပ်သောစစ်ဆေးခြင်းများ (Required Inspections) -** အရာရှိဝန်ထမ်းသည် လိုအပ်သည့်အချိန် လိုအပ်သည့်နေရာများရှိ ဆောင်ရွက်ဆဲ ဆောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်း (ဆိုလိုသည်မှာ - အဆင့်အလိုက်စစ်ဆေးခြင်းမှ အပြီးသတ်အဆင့်

စစ်ဆေးခြင်းအထိ စီမံကိန်း သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခြင်း) ကို အကြောင်းကြားချက် ရရှိပါက ချက်ချင်းဆောင်ရွက်ရမည်။

**၁.၃.၄.၄ ကြည့်ရှုစစ်ဆေးရေး (အဖွဲ့များ) အေဂျင်စီများ (Inspection Agencies) -** အရာရှိဝန်ထမ်းသည် အရည်အချင်းပြည့်မီသော ယုံကြည်စိတ်ချရသော ခွင့်ပြုထားသည့် ကြည့်ရှုစစ်ဆေးရေးအေဂျင်စီများက တင်ပြသည့် အစီရင်ခံစာများကို လက်ခံရမည်။

**၁.၃.၄.၅ ကြည့်ရှုစစ်ဆေးရန် တောင်းဆိုခြင်း (Inspection Requests) -** လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခံရန် အသင့်ဖြစ်သည့်အခါ အရာရှိဝန်ထမ်းသို့ အကြောင်းကြားရန် ခွင့်ပြုမိန့်ရရှိထားသူများ သို့မဟုတ် ၎င်းတို့၏ အခွင့်အမိန့်ရ ကိုယ်စားလှယ်များတွင် တာဝန်ရှိသည်။ ဤလမ်းညွှန်ချက် လိုအပ်ချက်များအရ ကြည့်ရှုစစ်ဆေးနိုင်ရေး ဝင်ရောက်ခွင့်ပြုရန်နှင့် ဝင်ရောက်နိုင်ရေးနည်းလမ်းများ ဆောင်ရွက်ပေးရန် ခွင့်ပြုမိန့်ရရှိထားသူတွင် တာဝန်ရှိသည်။

**၁.၃.၄.၆ လိုအပ်သော သဘောတူခွင့်ပြုချက် (Approval Required) -** လုပ်ငန်းကို အဆင့်ဆင့် ကြည့်ရှုစစ်ဆေးချက်များတွင် ညွှန်ပြသည့်အချက်များကို အရာရှိဝန်ထမ်း၏ သဘောတူညီချက်ကို ပထမဦးစွာရယူခြင်းမရှိဘဲ ကျော်လွန်ဆောင်ရွက်ခွင့် မရှိစေရ။ အရာရှိဝန်ထမ်းသည် အကြောင်းကြားစာပါအတိုင်း တောင်းဆိုချက်နှင့်အညီ ကြည့်ရှုစစ်ဆေးရမည်ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်း အစိတ်အပိုင်း တစ်ရပ်ရပ်သည် ကျေနပ်ဖွယ် ပြီးပြည့်စုံမှုရှိကြောင်း သို့မဟုတ် လမ်းညွှန်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း ခွင့်ပြုမိန့်ရရှိထားသူ သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်အား အကြောင်းကြားရမည်။ လမ်းညွှန်ချက်နှင့် ကိုက်ညီခြင်းမရှိသည့် အပိုင်းကို ပြင်ဆင်ရမည်ဖြစ်ပြီး အရာရှိဝန်ထမ်း၏ ခွင့်ပြုချက်မရသေးမချင်း ယင်းအပိုင်းကို ကာရံခြင်း သို့မဟုတ် ဖုံးအုပ်ခြင်းမပြုရ။

**၁.၃.၄.၇ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်းလက်မှတ် (Building Completion Certificate (B.C.C))**

**အသုံးပြုခြင်းနှင့် ဝင်ရောက်နေထိုင်ခြင်း (Use and occupancy) -** ဤလမ်းညွှန်ချက်တွင် ပြဋ္ဌာန်းသည့်အတိုင်း အဆောက်အအုံဆိုင်ရာအရာရှိဝန်ထမ်းက အဆောက်အအုံ ဆောက်လုပ်ပြီးစီးကြောင်း လက်မှတ်ထုတ်မပေးရသေးမီ မည်သည့်အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းတို့ကိုမဆိုအသုံးပြုခြင်း သို့မဟုတ် ဝင်ရောက်နေထိုင်ခြင်းနှင့် လက်ရှိအဆောက်အအုံ အသုံးပြုမှုပုံစံ ပြောင်းလဲခြင်းမပြုရ။ အဆောက်အအုံဆောက်လုပ်ပြီးစီးကြောင်း လက်မှတ်ထုတ်ပေးခြင်းသည် ဤလမ်းညွှန်ချက် သို့မဟုတ် အခြားစီရင်ခွင့်ရှိ စည်းမျဉ်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းအား သဘောတူညီချက်ပေးခြင်းဖြစ်သည်ဟု အနက်အဓိပ္ပာယ် ကောက်ယူခြင်းမရှိစေရ။

**ထုတ်ပေးသည့် လက်မှတ် (Certificate issued) -** အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် အဆောက်အအုံ သို့မဟုတ် အခြားတည်ဆောက်ခြင်းများကို ကြည့်ရှုစစ်ဆေးပြီးနောက်

ဤလမ်းညွှန်ချက်၊ အတည်ပြုပြဌာန်းရန်ဆောင်ရွက်လျက်ရှိသော အဆောက်အအုံဆောက်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီဥပဒေများပါ ပြဌာန်းချက်များကို ချိုးဖောက်မှုမရှိကြောင်းနှင့် ဘေးကင်းလုံခြုံမှုရှိကြောင်း တွေ့ရှိသည့်အခါ အောက်ပါတို့ပါဝင်သည့် ဝင်ရောက်နေထိုင်ခွင့် လက်မှတ်ကိုထုတ်ပေးရမည် -

(၁) အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်အမှတ်၊

(၂) အဆောက်အအုံ၏ လိပ်စာ၊

(၃) ပိုင်ရှင်၏ အမည်နှင့်နေရပ်လိပ်စာ၊

(၄) လက်မှတ်ထုတ်ပေးသည့် အဆောက်အအုံအစိတ်အပိုင်းနှင့်စပ်လျဉ်းသည့်ဖော်ပြချက်၊

(၅) ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ကိုးကားအသုံးပြုသည့် စည်းမျဉ်းထုတ်ဝေသည့်အမှတ်စဉ်၊

(၆) အသုံးပြုခြင်းနှင့် ဝင်ရောက်နေထိုင်မှု အမျိုးအစားခွဲခြားသတ်မှတ်ခြင်းအခန်း (အပိုင်း ၂) ပါ ပြဌာန်းချက်များနှင့်အညီ အသုံးပြုခြင်းနှင့် ဝင်ရောက်နေထိုင်ခြင်း၊

(၇) ဆောက်လုပ်ရေးလုပ်ငန်း ပုံစံအမျိုးအစားများ အခန်း (အပိုင်း ၇) တွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဆောက်လုပ်ရေးလုပ်ငန်းအမျိုးအစား၊

(၈) အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်၏ အထူးသတ်မှတ်ချက်နှင့်စည်းကမ်းချက်များ၊

**ရုပ်သိမ်းခြင်း (Revocation) -** ဤလမ်းညွှန်ချက်ပါပြဌာန်းချက်များအရ ထုတ်ပေးသော အဆောက်အအုံ ဆောက်လုပ်ပြီးစီးကြောင်း လက်မှတ်ကိုမှားယွင်းထုတ်ပေးမိခြင်း သို့မဟုတ် ပေးပို့သည့် သတင်းအချက်အလက်အမှားများအပေါ် အခြေပြုထုတ်ပေးမိခြင်း သို့မဟုတ် အဆောက်အအုံ သို့မဟုတ် အခြားတည်ဆောက်ခြင်း သို့မဟုတ် အစိတ်အပိုင်း တစ်ရပ်ရပ်သည် အခြားစည်းမျဉ်းများကိုဖြစ်စေ၊ ဤလမ်းညွှန်ချက်ပါ ပြဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်ဆောင်ရွက်ခဲ့ကြောင်း ဆုံးဖြတ်ခြင်းတို့ကြောင့် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် စာဖြင့်ရေးသား၍ ယင်းလက်မှတ်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။

### ၁.၃.၅ ဝန်ဆောင်မှုများ (Service Utilities)

**၁.၃.၅.၁ ဝန်ဆောင်မှုများဆက်သွယ်တပ်ဆင်ခြင်း (Connection of Service Utilities) -** ဤလမ်းညွှန်ချက်အရ ခွင့်ပြုမိန့်လိုအပ်သော အဆောက်အအုံများ သို့မဟုတ် စနစ်တွင် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းက ခွင့်ပြုမိန့်မထုတ်ပေးမခြင်း မည်သူမျှ ရေ၊ စွမ်းအင်၊ လောင်စာနှင့် လျှပ်စစ်အစရှိသော ဝန်ဆောင်မှုများကို သွယ်တန်းတပ်ဆင်ခြင်း မပြုရ။

**၁.၃.၅.၂ ယာယီသွယ်တန်းတပ်ဆင်ခြင်း (Temporary Connection) -** သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် အဆောက်အအုံ သို့မဟုတ် စနစ်တစ်ခုခုတွင် ဝန်ဆောင်မှုရင်းမြစ်များယာယီသွယ်တန်း တပ်ဆင်ရန်ခွင့်ပြုနိုင်သည်။

**၁.၃.၅.၃ ဝန်ဆောင်မှုများကို ဖြတ်တောက်ခွင့်အာဏာ (Authority to Disconnect Service Utilities) -** သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များသည် အများပြည်သူ အသက်အိုးအိမ် သို့မဟုတ်

ပိုင်ဆိုင်မှုများ အန္တရာယ်ဖြစ်စေမှုကို တားဆီးကာကွယ်ရန်လိုအပ်သည့် အရေးပေါ် အခြေအနေတွင် ဤလမ်းညွှန်ချက်နှင့် အခြားမှီငြမ်းသည့် စည်းမျဉ်းများကို အထောက်အထားပြု၍ ဝန်ဆောင်မှုများကို ဖြတ်တောက်ရန် ခွင့်ပြုရမည်။ ထိုသို့ဆောင်ရွက်ရမည့် အခြေအနေတွင် အဆောက်အအုံဆိုင်ရာ အရာရှိဝန်ထမ်းသည် ဝန်ဆောင်မှု ဖြတ်တောက်ခြင်းကို ဆောင်ရွက်ခြင်းမပြုမီ ဝန်ဆောင်မှုပေးသောဌာနသို့ အကြောင်းကြားရမည်။ ဖြစ်နိုင်ပါက ပိုင်ရှင်နှင့် နေထိုင်သူတို့ထံလည်း အကြောင်းကြားရမည်။ ဖြတ်တောက်ခြင်းကို ကြိုတင်အကြောင်းကြားနိုင်ခဲ့ခြင်းမရှိပါက ပိုင်ရှင် သို့မဟုတ် နေထိုင်သူထံသို့ လက်တွေ့ဆောင်ရွက်ပြီးနောက်တွင် ဖြစ်နိုင်သမျှ ဆောလျင်စွာစာဖြင့်ရေးသား အကြောင်းကြားရမည်။

**၁.၃.၆ ဘေးကင်းလုံခြုံမှုမရှိသော အဆောက်အအုံ (Unsafe Building) -** ဘေးကင်းလုံခြုံမှုမရှိသော အဆောက်အအုံအားလုံးကို အများပြည်သူ အန္တရာယ်ဖြစ်စေမည်ဟု မှတ်ယူလျက် ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း သို့မဟုတ် အခြားနည်းဆောင်ရွက်ခြင်းတို့ကို အာဏာပိုင်အဖွဲ့၏ ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာ၍ စနစ်တကျဆောင်ရွက်ရမည်။

**၁.၃.၆.၁ ဘေးကင်းလုံခြုံမှုမရှိသော အဆောက်အအုံကိုစစ်ဆေးခြင်း (Examination of Unsafe Building) -** ဘေးကင်းလုံခြုံမှုမရှိသည့် သို့မဟုတ် ယိုယွင်းပျက်ဆီးနေသည့် အဆောက်အအုံဖြစ်ကြောင်း အစီရင်ခံချက်ရရှိထားသည့် အဆောက်အအုံတိုင်းကို အာဏာပိုင်အဖွဲ့သည် စစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစေခြင်းဆောင်ရွက်ပြီး စစ်ဆေးတွေ့ရှိချက်ကို စာဖြင့်ရေးသား မှတ်တမ်းတင်ထားရမည်။

**၁.၃.၆.၂ အထူးကိစ္စရပ်များ (Special Cases) -** အများပြည်သူ ဘေးကင်း လုံခြုံရေးအတွက် ကာကွယ်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းခြင်းတို့ကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဆိုပါက အမွေအနှစ် အဆောက်အအုံများအဖြစ် သတ်မှတ်ထားသော အဆောက်အအုံများကို ချက်ချင်းဖြိုဖျက်ပစ်ခြင်းမှ ကင်းလွတ်ခွင့်ရနိုင်ပါသည်။

**၁.၃.၆.၃ ပိုင်ရှင်/နေထိုင်သူသို့ အကြောင်းကြားခြင်း (Notice to Owner/ Occupier) -** အာဏာပိုင်အဖွဲ့သည် အဆောက်အအုံတစ်ခုခု သို့မဟုတ် အဆောက်အအုံအစိတ်အပိုင်းတစ်ရပ်ရပ်သည် ဘေးကင်းလုံခြုံမှုမရှိကြောင်းတွေ့ရှိပါက ပိုင်ရှင်/နေထိုင်သူသို့ အဆောက်အအုံ၏ ချို့ယွင်းချက်များကို ဖော်ပြလျက် သတ်မှတ်လုပ်ထုံးလုပ်နည်းများဖြင့် တရားဝင်အကြောင်းကြားစာပေးပို့ရမည်။ ယင်းအကြောင်းကြားစာတွင် ပိုင်ရှင် သို့မဟုတ် နေထိုင်သူသည် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို သတ်မှတ်ထားသည့် အချိန်အတွင်း သတ်မှတ်သည့် ပြင်ဆင်မှုများ၊ မွမ်းမံမှုများပြုလုပ်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်းနှင့် ဖယ်ရှားခြင်းတို့ ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖော်ပြပါရှိရမည်။ အာဏာပိုင်အဖွဲ့သည် ၎င်း၏ အမြင်တွင် အန္တရာယ်ရှိသည်ဟုမြင်သော သို့မဟုတ် မီးလောင်ပါက ထွက်ပေါက်များ ပါဝင်ခြင်း မရှိဟုမြင်သော အဆောက်အအုံတွင်းမှ သတ်မှတ်ဖော်ပြသည့် ကာလအတွင်း

ဖယ်ရှားထွက်ခွာသွားကြရန် စာဖြင့်ရေးသား ညွှန်ကြားနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆောင်ရွက်ရသည့် အကြောင်းပြချက်ကို မှတ်တမ်းထားရှိရမည်။ အဆောက်အအုံအတွင်းမှ ဖယ်ရှားထွက်ခွာရန် အမိန့်ကို လိုက်နာခြင်းမရှိသူများကို အာဏာပိုင်အဖွဲ့သည် အမိန့်ကို လိုက်နာဆောင်ရွက်စေရန် ဥပဒေကြောင်းအရ အရေးယူ ဆောင်ရွက်မှုပြုနိုင်သည်။

**၁.၃.၆.၄ အကြောင်းကြားခြင်းကို လေးစားလိုက်နာမှုမရှိခြင်း (Disregard of Notice) -** ပိုင်ရှင် သို့မဟုတ် နေထိုင်သူသည် အဆောက်အအုံ သို့မဟုတ် အစိတ်အပိုင်းကို ပြင်ဆင်ရန် သို့မဟုတ် ဖြိုဖျက်ရန် အကြောင်းကြားစာကို လိုက်နာရန် ပျက်ကွက်ခြင်း၊ လျစ်လျူရှုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ပြုလုပ်ပါက အာဏာပိုင်အဖွဲ့သည် အန္တရာယ်ကိုဖယ်ရှားရန် အတွက် ထိုအဆောက်အအုံ သို့မဟုတ် အစိတ်အပိုင်းကို ဖယ်ရှားခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် အခြားနည်းပြုလုပ်ခြင်းတို့ကို ပြုလုပ်စေနိုင်သည်။

